ကြေးမုံ

The Mirror Daily

၁၉၅၇ ပြေီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


## ကုသိုလ်ကောင်းမှု နေ့စဉ်ပြု

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်၊ သောကြာနေ့။ Friday, 17 January 2025 ၁၁၇၀၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ခေတ်မီအဆင့်မြင့် သိပ္ပံနှင့်နည်းပညာများ၊ စစ်နည်းဗျူဟာနှင့် စစ်ဆင်မှုနည်းလမ်းများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေကြရန်နှင့် လက်တွေ့အသုံးချနိုင်ရေး ကြိုးစားဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၆**

တပ်မတော်(လေ)၏ လေယာဉ်မောင်းသင်တန်း အမှတ်စဉ်(၈၆) ကျောင်းဆင်းတောင်ပံ အပ်နှင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်၊ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မိတ္ထီလာတပ်နယ်မှ


စာမျက်နှာ ၃ ကော်လံ ၁ သို့ ○




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က တပ်မတော်(လေ)၏ လေယာဉ်မောင်းသင်တန်း အမှတ်စဉ်(၈၆) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

## ယနေ့ ဖတ်စရာ


**ကယားပြည်နယ် လွိုင်ကော်မြို့၌ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပျက်စီးသွားသော နေအိမ် ၂၅၁ လုံး ပြန်လည်ပြုပြင်ရန်နှင့် သဘာဝဘေးကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ချီးမြှင့်ငွေ၊ ဆန်၊ ဆီ၊ ပဲ၊ ဆား ပေးအပ်** စာမျက်နှာ » ၄

**ဒီဒေါ်လာရိုက်ဇေးရှင်း (De - dollarization) အဆိုးအကောင်း** ဆောင်းပါး စာမျက်နှာ » ၆

**ပုပ္ပါးတောင် ဘေးမဲ့တောဥယျာဉ်တွင် အပန်းဖြေရင်း ရှုခင်းများ လာရောက်ကြည့်ရှုလေ့လာနိုင်** စာမျက်နှာ » ၁၅

**တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် မလိကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်** စာမျက်နှာ » ၁၆


## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၁၆

| | | | | |
|---|---|---|---|---|
| နမ့်စန် | သုည | ဒဿမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟားခါး | ၃ | ဒဿမ | သုည | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၃ | ဒဿမ | သုည | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၄ | ဒဿမ | သုည | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၄ | ဒဿမ | သုည | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၄ | ဒဿမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၅ | ဒဿမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၅ | ဒဿမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

ကြေးမုံ

# သောင်းကျန်းသူကိုအမြစ်ပြတ်ချေမှုန်း ပြည်သူများစိတ်ချမ်းသာစွာနေထိုင်နိုင်

"မြန်မာနိုင်ငံသည် လွတ်လပ်ရေးနှင့်အတူ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့သည်မှာ နှစ်ပေါင်း (၇၆)နှစ် ကျော်လွန်ခဲ့ပြီဖြစ်၍ လက်နက်ကိုင်ပဋိပက္ခမည်သည့်အကြောင်းကြောင့်ဖြစ်ပွားနေရသည်ကို ပြန်လည်ဆန်းစစ်ကြည့်ရန်လိုပါသည်။ သမိုင်းကြောင်းကိုသိမှ ပစ္စုပ္ပန်ကာလ၌ အားနည်းချက်များကို သိမြင်ပြီး အနာဂတ်အတွက် အကျိုးဖြစ်ထွန်းမည်ဖြစ်ပါသည်။ နိုင်ငံရေးအယူအဆ ကွဲလွဲမှုများကို နိုင်ငံရေးနည်းနှင့်မဖြေရှင်းဘဲ လက်နက်စွဲကိုင်ခဲ့ကြရာက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားနေခြင်းဖြစ်ပြီး တည်ငြိမ်အေးချမ်းမှုမရှိခြင်းကို သတိပြုသင့်ကြပါသည်"ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ (၇၇)နှစ်မြောက် ကယားပြည်နယ်နေ့သို့ ပေးပို့သည့်သဝဏ်လွှာတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးရရှိပြီးစ၌ နိုင်ငံရေးပါတီများ၏ အာဏာလွန်ဆွဲမှုပြင်းထန်ခဲ့သည်။ ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီသည် နိုင်ငံရေးသဘောထားကွဲလွဲမှုကို နိုင်ငံရေးနည်းဖြင့်မဖြေရှင်းဘဲ လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ရာမှစ၍ လွတ်လပ်ရေး၏အနှစ်သာရကို မခံစားရတော့ဘဲ နိုင်ငံတစ်ဝန်း၌ လက်နက်ကိုင်ပဋိပက္ခများ စတင်ခဲ့သည်။ အလားတူ နယ်ချဲ့ဗြိတိသျှ၏ သွေးခွဲအုပ်ချုပ်မှု ပယောဂကြောင့် အချို့တိုင်းရင်းသားများကလည်း အယူဝါဒအမျိုးမျိုးဖြင့် လက်နက်ကိုင်လမ်းစဉ်ကို ဖော်ဆောင်ခဲ့ကြပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ကင်းမဲ့ခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။

လက်ရှိတွင် နိုင်ငံအတွင်း၌ ဖြစ်ပေါ်နေသည့် မတည်ငြိမ်မှုများနှင့် ဆူပူအကြမ်းဖက်မှုများသည် ဒီမိုကရေစီဆောင်ရွက်နေသူများက မဲမသမာမှုများပြုလုပ်ပြီး နိုင်ငံတော်အာဏာကို မမှန်ကန်သောနည်းလမ်းဖြင့် ရယူရေးလုပ်ဆောင်ခဲ့ကာ နိုင်ငံရေးကို ဒီမိုကရေစီနည်းလမ်းကျ ဥပဒေနှင့်အညီမဖြေရှင်းဘဲ လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခြင်းကြောင့်သာ လက်နက်ကိုင်ပဋိပက္ခများ အဆုံးမသတ်ခြင်းဖြစ်သည်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးကာကွယ်ပါသည်ဆိုသော ပြည်ပနိုင်ငံအချို့ကလည်း ဒီမိုကရေစီစနစ်နှင့်ဆန့်ကျင်ဘက်ဖြစ်သည့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အားပေးအားမြှောက်ပြုလုပ်နေသည်။

ကိုလိုနီနယ်ချဲ့လက်သစ်တို့သည် မြန်မာနိုင်ငံအား ၎င်းတို့အလိုကျ ခြယ်လှယ်ချုပ်ကိုင်နိုင်ရန်နှင့် ပြည်သူလူထု၏ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို နှောင့်နှေးစေပြီး ဒီမိုကရေစီအမည်ခံ အာဏာရှင်စနစ် ကျင့်သုံးဖော်ဆောင်နေသည်ကို သတိပြုမိကြရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတို့၏ဆန္ဒဖြစ်သည့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို မလွဲမသွေလျှောက်လှမ်းသွားမည်ဖြစ်သည်။ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရန် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပနိုင်ရေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများကို ဆက်လက်ဆောင်ရွက်နေသည်။

မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒအမှန်ထုတ်ဖော်နိုင်သည့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မဖြစ်မနေပြုလုပ်သွားမည်ဟု သန္နိဋ္ဌာန်ချထားသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူလူထု၏အကျိုးကိုသာ အစဉ်ရှေးရှုကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံတော်ကြီး ပိုမိုတည်ငြိမ်အေးချမ်းကာ သာယာဝပြောစေရန်နှင့် စားရေရိက္ခာဖူလုံစေရန် အဓိကထားပြီး တိုင်းရင်းသားပြည်သူများနှင့်အတူ တက်ညီလက်ညီ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများ၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ နိုင်ငံ့ဝန်ထမ်းများအားလုံး၊ အရပ်ဘက်အဖွဲ့အစည်းများအားလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သည်။

ရည်မှန်းချက်သို့ရောက်ရှိရန် အဓိကကျသည့်အချက်မှာ တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးပင်ဖြစ်သည်။ လတ်တလောအခြေအနေတွင် ပြည်ပနိုင်ငံအချို့၏ သွေးထိုးလှုံ့ဆော်မှုများ၊ သဘောထားကွဲလွဲပြီး နိုင်ငံနှင့် ပြည်သူအကျိုးကို မျက်ကွယ်ပြုလုပ်ဆောင်နေသော အချို့အဖွဲ့အစည်းများ၏ခြေထိုးမှုများ၊ ကျင့်ဝတ်ဖောက်ဖျက်ပြီး နိုင်ငံတော်ကို အန္တရာယ်ချောက်ကမ်းပါးထဲသို့ဆွဲချနေသည့် မဟုတ်မမှန်လုပ်ကြံသတင်းများ၊ NUG, CRPH, PDF အစရှိသည့် အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးဆောင်စည်းရုံးမှုနှင့် အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသအချို့တွင်ရှိသည့် ပြည်သူလူထုအကြား အသိအမြင်မှားပြီး ညီညွတ်မှုပြိုကွဲကာ မငြိမ်းမချမ်းဖြစ်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသအတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံပြည်သူများ၏ လုံခြုံရေးကို ဖျက်ဆီးနေသော လက်နက်ကိုင်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များ လျော့ပါးစေရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ သက်ဆိုးရှည်စေမည့် ကိစ္စရပ်များကို ပြည်သူအားလုံး ရှောင်ရှားကြမည်ဆိုပါက သောင်းကျန်းသူများ အမြစ်ပြတ်ချေမှုန်းရေးကို ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်ပြီး နိုင်ငံတစ်ဝန်း အေးချမ်းသာယာဝပြောကာ ပြည်သူအားလုံး စိတ်ချမ်းသာစွာ ရပ်တည်နေထိုင်လုပ်ကိုင်နိုင်မည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

## အောင်လံမြို့နယ်၌ မီးဘေးလုံခြုံရေးအတွက် မီးငြှိမ်းသတ်ရေးသရုပ်ပြ

အောင်လံ ဇန်နဝါရီ ၁၆

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် မီးဘေးလုံခြုံရေးအတွက် မီးငြှိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်ခြင်းကို ယမန်နေ့က ကျောက်စွယ်ကျိုးကျေးရွာ အမှတ်(၁)သံမဏိစက်ရုံ၌ ဆောင်ရွက်သည်။

### သရုပ်ပြလေ့ကျင့်

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူးရုံးက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ရခြင်း၏ရည်ရွယ်ချက်၊ မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးအတွက်မီးငြှိမ်းသတ်ခြင်းဆိုင်ရာ အသိပညာပေးအကြောင်းအရာများနှင့် မီးသတ်ဆေးဘူးသုံးစွဲနည်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက စက်ရုံဝန်ထမ်းများနှင့်အတူ မီးသတ်ဆေးဘူးအသုံးပြုခြင်း၊ မီးငြှိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။



မျိုးသိန်း(ပြန်/ဆက်)

**၁၆ - ၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၄၀၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၆ - ၁ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၁၀၀ | ၄၆၉ | ၃,၇၆၃,၂၀၀ |
| MTSH | ၃,၁၅၀ | ၃,၂၀၀ | ၃၂၇ | ၁,၀၃၀,၄၀၀ |
| MCB | ၈,၅၀၀ | ၈,၅၀၀ | ၀ | ၀ |
| FPB | ၁,၉၀၀ | ၁,၉၀၀ | ၁,၀၅၄ | ၂,၀၀၂,၆၀၀ |
| TMH | ၃,၂၀၀ | ၃,၂၀၀ | ၀ | ၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၆၂၈ | ၁,၀၅၆,၈၅၀ |
| AMATA | ၄,၁၀၀ | ၄,၁၀၀ | ၂ | ၈,၂၀၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၁၀၀ | ၃၂၅,၀၀၀ |
| MADPL(PLB) | ၃,၀၅၀ | ၃,၀၅၀ | ၃,၅၃၂ | ၁၀,၇၇၂,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က လေယာဉ်မောင်းသင်တန်း အမှတ်စဉ်(၈၆) မှ စံပြလေသူရဲဆုရ လေ ၄၅၄၄ ဗိုလ်ဆက်နိုင်လွင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

○ ရှေ့ဖုံးမှ

အရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက စစ်ရေးပြကွင်းအတွင်း ချီတက်နေရာယူကြပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ရောက်ရှိလာပြီး ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူ၍ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများကို စစ်ဆေးသည်။

### ချီတက်အလေးပြု

ထို့နောက် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက ကာကွယ်ရေးဦးစီးချုပ်(လေ) အား အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းသို့ တပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ် နည်းပြလေသူရဲများက အမောင်းသင်လေယာဉ်များ၊ အမောင်းသင်ရဟတ်ယာဉ်များဖြင့် အုပ်ဖွဲ့ပျံသန်း၍ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်အား အလေးပြုကြသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က ကျောင်းဆင်းအရာရှိများအား လေသူရဲတောင်ပံများကို တစ်ဦးချင်းအပ်နှင်းသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ)က လေယာဉ်မောင်းသင်တန်း အမှတ်စဉ် (၈၆) မှ စံပြလေသူရဲဆုနှင့် လေယာဉ်မောင်းထူးချွန်ဆုရ လေ ၄၅၄၄ ဗိုလ်ဆက်နိုင်လွင်အား လည်းကောင်း၊ စာပေထူးချွန်ဆုရ လေ ၄၅၈၈ ဗိုလ်ဒေါ်ယုဇနထွန်းအားလည်းကောင်း ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

### မိမိကိုယ်မိမိတန်ဖိုးထားပြီး ကြိုးပမ်းတာဝန်ထမ်းဆောင်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် လေသူရဲများ ဖြစ်လာအောင် လေ့ကျင့်ပေးရာတွင် နိုင်ငံတော်အနေနှင့် မျှော်မှန်းချက်ကြီးမားစွာထားရှိပြီး အချိန်ပေါင်းများစွာ၊ အရင်းအမြစ်ပေါင်းများစွာ၊ ငွေပေါင်းများစွာ အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏ မျှော်မှန်းချက်များ အကောင်အထည် ပေါ်လာရေးအတွက် မိမိကိုယ်မိမိတန်ဖိုးထားပြီး ကြိုးပမ်းတာဝန်ထမ်းဆောင်သွားကြရန် မှာကြားလိုကြောင်း။

သင်တန်း ဆင်းပြီးနောက် သက်ဆိုင်ရာ ပျံသန်းရေးအုပ်များကို ရောက်ရှိသွားချိန်တွင် တစ်ဦးချင်းအနေဖြင့် ပျံသန်းရေးနှင့် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ရမည်ဖြစ်ပြီး အရာရှိများဖြစ်သည့်အတွက် ခေါင်းဆောင်မှုတာဝန်များကိုပါ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် လက်အောက်ငယ်သားများ၏ ရိုသေလေးစားမှု၊ ယုံကြည်ကိုးစားမှု၊ သစ္စာရှိစွာ လိုက်ပါလုပ်ဆောင်မှုတို့ ရရှိလာအောင် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ရပ်နှင့်အညီ ကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်ပြီး ရည်မှန်းချက်တာဝန်များကိုပါ ပြီးမြောက်အောင်မြင်အောင် ထမ်းဆောင်နိုင်စွမ်းရှိသည့် ခေါင်းဆောင်ကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း၊ စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်တိုက်ပွဲဝင်ရာတွင်ဖြစ်စေ၊ လေ့ကျင့်ရေး၊ အုပ်ချုပ်ရေးနှင့် အခြားတာဝန်များကို ထမ်းဆောင်ရာတွင်ဖြစ်စေ၊ စိတ်ဓာတ်မြင့်မားခိုင်မာနေမှသာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို အောင်အောင်မြင်မြင် အကောင်အထည်ဖော် ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ လေယာဉ်/ရဟတ်ယာဉ်များကို မောင်းနှင်ပျံသန်းတိုက်ပွဲဝင်ကြရမည့်သူများအနေဖြင့် တိုက်ပွဲဝင်လိုစိတ်၊ စစ်အောင်လိုစိတ် အမြဲမြင့်မားနေရမည်ဖြစ်ပြီး စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်အောင်၊ ခံယူချက် ယုံကြည်ချက် မြင့်မားခိုင်မာနေအောင် ကြိုးစားလေ့ကျင့်တည်ဆောက်သွားကြရန် မှာကြားလိုပါကြောင်း။

မြန်မာနိုင်ငံသား တပ်မတော်သား လေသူရဲများဖြစ်သည့်အတွက် နိုင်ငံတော်က ထုတ်ပြန်ထားသော ဥပဒေစည်းမျဉ်း စည်းကမ်းများ၊ တပ်မတော်က ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များ၊ ဒေသန္တရအမိန့်များ၊ လုပ်ထုံးလုပ်နည်းများကို အပြည့်အဝလိုက်နာစောင့်ထိန်းရမည်ဖြစ်ပြီး ပျံသန်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် သတ်မှတ်ချက်များကိုလည်း အတိအကျ လိုက်နာလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ စွမ်းဆောင်ရည်မြင့်မားပြီး တိုက်စွမ်းရည်ပြည့်ဝသည့် လေသူရဲကောင်းများ ဖြစ်လာစေရန် ပျံသန်းရေးနှင့် လုပ်ငန်းခွင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ကန့်သတ်ချက်၊ သတ်မှတ်ချက်များကို ခြွင်းချက်မရှိ အတိအကျ လိုက်နာ စောင့်ထိန်းကြရန် မှာကြားလိုကြောင်း၊ လေသူရဲတစ်ဦးအတွက် ကျန်းမာရေး ကောင်းမွန်ရန်၊ ကိုယ်ခန္ဓာကြံ့ခိုင်မှုရှိရန် လွန်စွာအရေးကြီးကြောင်း၊ ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်နေမှသာ စိတ်ဓာတ်ခွန်အားကောင်းမွန်မြင့်မားပြီး မှန်ကန်မြန်ဆန်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ကာ ပေးအပ်သည့် စစ်ဆင်ရေးနှင့် ပျံသန်းရေးတာဝန်များကို နေရာအချိန်အခါမရွေး အင်ပြည့်အားပြည့် ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း။

### လက်တွေ့ အသုံးချနိုင်ရေး ကြိုးစားဆောင်ရွက်

လေကြောင်း အာကာသနယ်ပယ်တွင်လည်း လေကြောင်းစွမ်းအားစုများသည် စစ်ပွဲအောင်နိုင်ရေးအတွက်သာမက နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူနေမှုဘဝ အေးချမ်း တိုးတက်ပြည့်စုံရေးအတွက်ပါ ဘက်ပေါင်းစုံက အထောက်အကူများစွာ ပြုလျက်ရှိကြောင်း၊ လေကြောင်းစွမ်းအားစုများ၏ အခြေခံလိုအပ်ချက်ဖြစ်သည့် သိပ္ပံနည်းပညာရပ်များ၊ စစ်နည်းဗျူဟာများ၊ စစ်ဆင်အသုံးချမှု နည်းလမ်းများလည်း အချိန်နှင့်အမျှ တိုးတက်ဖွံ့ဖြိုးပြောင်းလဲ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ယခင်က Supersonic နည်းပညာသည် ရှေ့တန်းကရှိခဲ့ရာမှ ယခုအခါ Hypersonic အဆင့်သို့ တက်လှမ်းနေပြီဖြစ်ကြောင်း၊ ခေတ်မီအဆင့်မြင့် သိပ္ပံနှင့်နည်းပညာများ၊ စစ်နည်းဗျူဟာနှင့် စစ်ဆင်မှုနည်းလမ်းများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေကြရန်နှင့် လက်တွေ့ အသုံးချနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယခုအခါ လေသူရဲတောင်ပံ အပ်နှင်းခံရပြီး သက်ဆိုင်ရာ ပျံသန်းရေး အုပ်အသီးသီးတွင် စစ်ဆင်ရေးနှင့် လေ့ကျင့်ရေး အပါအဝင် ပျံသန်းရေးတာဝန် အမျိုးမျိုးကို နောင်တော် လေသူရဲများနှင့် လက်တွဲကာ စတင်ထမ်းဆောင်ကြရတော့မည်ဖြစ်သောကြောင့် ပျံသန်းရေး တာဝန်များသာမက ပေးအပ်လာမည့် အခြားသော လုပ်ငန်းတာဝန်များကိုလည်း ကျေပွန်အောင် ထမ်းဆောင် ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်(လေ)၏ ကောင်းမွန်မြင့်မြတ်သည့် အစဉ်အလာများ၊ နောင်တော် လေသူရဲများ၏ စွန့်လွှတ်စွန့်စားမှုနှင့် ကျွမ်းကျင်ပိုင်နိုင်မှုများ၊ ပျံသန်းရေး၊ စက်မှုလက်မှုနှင့် အုပ်ချုပ်ရေး မဏ္ဍိုင်ကြီး ၃ ရပ်က ဝိုင်းဝန်းပံ့ပိုး တာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်(လေ) စစ်သည်တော်အပေါင်း၏ ကိုယ်ကျိုးစွန့် အနစ်နာခံမှုများကို စောင့်ထိန်းစံပြုဥပမာယူပြီး ကိုယ်တိုင်လည်း နိုင်ငံတော်နှင့် တပ်မတော်က အားထားရမည့် လေသူရဲကောင်းများဖြစ်လာအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်း ပြောကြားသည်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က လေယာဉ်မောင်းသင်တန်း အမှတ်စဉ်(၈၆) မှ စာပေထူးချွန်ဆုရ လေ ၄၅၈၈ ဗိုလ်ဒေါ်ယုဇနထွန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

### ဂုဏ်ပြုအမှာစကား ပြောကြား

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်သည် ဝေဟင်မှ အုပ်ဖွဲ့ပျံသန်းအလေးပြုခဲ့ကြသည့် နည်းပြလေသူရဲများအား ဂုဏ်ပြုနှုတ်ဆက်ကာ ကျောင်းဆင်း အရာရှိများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့သည်။ ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်သည် လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ် လေကြောင်းစစ်ဆင်ရေး သင်တန်းကျောင်း ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိသည့် ကျောင်းဆင်း အရာရှိများနှင့် မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယနေ့ လေသူရဲတောင်ပံ အပ်နှင်းခြင်းခံရသူ ကျောင်းဆင်း အရာရှိများအနေဖြင့် သက်ဆိုင်ရာ လေယာဉ်/ရဟတ်ယာဉ် အလိုက် ပျံသန်းရေးအုပ်များ တွင် ဆက်လက် တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ညပိုင်းတွင် လေယာဉ်မောင်း သင်တန်းအမှတ်စဉ် (၈၆) ကျောင်းဆင်း တောင်ပံအပ်နှင်းပွဲ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ စစ်ဦးစီးအရာရှိချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့်ဇနီး၊ တပ်မတော်(လေ)မှ အရာရှိကြီးများနှင့်ဇနီးများ၊ မိတ္ထီလာတပ်နယ်မှ အရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ ကျင်းပနေစဉ် ကျောင်းဆင်းအရာရှိများနှင့် တပ်မတော်(လေ) မိသားစုဝင်များက တပ်မတော်(လေ) တေးဂီတအဖွဲ့နှင့် တွဲဖက်၍ အဆိုအကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ညစာစားပွဲ အခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်သည် ကျောင်းဆင်း အရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကယားပြည်နယ် လွိုင်ကော်မြို့၌ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပျက်စီးသွားသောနေအိမ် ၂၅၁ လုံး ပြန်လည်ပြုပြင်ရန်နှင့် သဘာဝဘေးကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ချီးမြှင့်ငွေ၊ ဆန်၊ ဆီ၊ ပဲ၊ ဆား ပေးအပ်

**လွိုင်ကော် ဇန်နဝါရီ ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယမန်နေ့ မွန်းလွဲပိုင်းက လွိုင်ကော်မြို့ မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည့် နယ်စပ်ရေးရာ ဝန်ကြီးဌာနက အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပျက်စီးသွားသော နေအိမ်များနှင့် သဘာဝဘေးကြောင့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ငွေသား၊ ဆန်၊ ဆီ၊ ပဲ၊ ဆား ပေးအပ်ခြင်းနှင့် ကယားပြည်နယ်အစိုးရအဖွဲ့က ယာယီနေရပ်စွန့်ခွာရာမှ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများအား ဆန်၊ ဆီ၊ ပဲ၊ ဆား ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နယ်စပ်ရေးရာဝန်ကြီးဌာနမှ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပျက်စီးသွားသော နေအိမ်များအတွက် ချီးမြှင့်ငွေပေးအပ်ခြင်းနှင့် သဘာဝဘေးကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ငွေသား၊ ဆန်၊ ဆီ၊ ပဲ၊ ဆား ပေးအပ်ရခြင်းကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ကယားပြည်နယ်အစိုးရအဖွဲ့မှ ယာယီနေရပ်စွန့်ခွာရာမှ လွိုင်ကော်မြို့သို့ ပြန်လည်ရောက်ရှိလာသည့် ပြည်သူများအား ဆန်၊ ဆီ၊ ပဲ၊ ဆား ပေးအပ်ရခြင်းကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် နေအိမ် ၂၅၁ လုံး ပြန်လည်ပြုပြင်ရန်အတွက် ငွေကျပ် ၂၁၁ သန်းနှင့် သဘာဝဘေးကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူ ၁၆၆၁ ဦးနှင့် ယာယီနေရပ်စွန့်ခွာရာမှ လွိုင်ကော်မြို့သို့ ပြန်လည် ဝင်ရောက်လာသည့် ပြည်သူ ၃၃၄ ဦးအတွက် ဆန်၊ ဆီ၊ ပဲ၊ ဆားများကို ပေးအပ်ပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။

ယင်းနောက် တိုက်ပွဲဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လွိုင်ကော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အဆောက်အအုံ ပြန်လည်ပြင်ဆင်ထားရှိမှု၊ လူထုအခြေပြုဗဟိုဌာန (Community Centre) အခန်းနှင့် သင်တန်းခန်းမ ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း၊ လွိုင်ကော်မြို့ နောင်ယား(က) ရပ်ကွက်ရှိ စုပေါင်းဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင် ဆောင်ရွက်ပေးထားသည့် အခြေအနေနှင့်ဝန်ထမ်းများ နေရာချထားပေးမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ညနေပိုင်းတွင် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဧည့်သည်တော်များအား ဂါရဝပြုအထိမ်းအမှတ် ရိုးရာလက်ဆောင်များ ပေးအပ်သည်။

**စာမျက်နှာ ၅ သို့ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့်နေအိမ်များ ပြန်လည်ပြုပြင်ရန် ချီးမြှင့်ငွေပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များ လွိုင်ကော်မြို့ နောင်ယား(က)ရပ်ကွက်စုပေါင်းဝန်ထမ်းအိမ်ရာရှိ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ဝင်များ လွိုင်ကော်မြို့ရှိ လူထုအခြေပြုဗဟိုဌာန၌ ကျောင်းသား ကျောင်းသူများ စာပေလေ့လာဖတ်ရှုနေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ဝင်များ ကယားပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

✫ စာမျက်နှာ ၄ မှ

ညစာစားပွဲတွင် ကယားတိုင်းရင်းသား ရိုးရာအကအဖွဲ့များနှင့် တူရိယာအဖွဲ့များ၊ ကယားကိုးမျိုးအကအဖွဲ့၊ ကယန်းရိုးရာအကအဖွဲ့၊ ရှမ်းတိုင်းရင်းသူ၊ ပအိုဝ်းရိုးရာအကအဖွဲ့များက သက်ဆိုင်ရာတိုင်းရင်းသားရိုးရာ တေးသီချင်းများဖြင့် ကပြသီဆိုကြပြီး ခေတ်ပေါ်တေးဂီတ အဖွဲ့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်တောင်စုဝန်ကြီးက ကပြဖျော်ဖြေကြသည့် တိုင်းရင်းသားရိုးရာ အကအဖွဲ့များနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၃၀ နှင့် ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များ ကယားပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ရာသီသီးနှံစံပြစိုက်ခင်းတွင် ဆိုလာတပ်ဆင်၍ လေးလက်မစက်ရေတွင်းဖြင့် ရေအလေအလွင့်မရှိ ထိရောက်စွာအသုံးချနိုင်ရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစဉ်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ရာသီသီးနှံစံပြစိုက်ခင်း၌ ဆိုလာတပ်ဆင်၍ လေးလက်မစက်ရေတွင်းဖြင့် ရေကိုအလေအလွင့်မရှိ ထိရောက်စွာ အသုံးချနိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် စံပြစိုက်ခင်းတွင်စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကယားပြည်နယ်အတွင်းရှိ လျှပ်စစ်နှင့် စွမ်းအင်ဌာနများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ ဘီလူးချောင်း အမှတ်(၂)စက်ရုံမှူးက ဓာတ်အားပေးစက်ရုံ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု၊ မဟာဓာတ်အားလိုင်းမှူး (လွိုင်ကော်)က မဟာဓာတ်အားလိုင်းနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုနှင့် ရေနံထွက်ပစ္စည်း ကြီးကြပ်ရေးဦးစီးဌာန ဦးစီးအရာရှိက စက်သုံးဆီများဖြန့်ဖြူးရောင်းချမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အနေဖြင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရည်အသွေးပြည့်ဝပြီး လူနာများအတွက် ဘေးကင်းလုံခြုံကာ သင့်တင့်သောဈေးနှုန်းဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး စဉ်ဆက်မပြတ်ထိန်းကျောင်းကြပ်မတ်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍတွင် ဝန်ဆောင်မှုပေးနေသော ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူများ သက်တမ်းရှိ သတ်မှတ်လိုင်စင်ရှိစေရေး၊ တည်ဆဲဥပဒေများနှင့် ငြိစွန်းထားသူများ မဖြစ်စေရေးတို့အတွက် မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီနှင့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီများနှင့် ချိတ်ဆက်စိစစ်လျက်ရှိပြီး လူ့စွမ်းအားအရင်းအမြစ်များ မှန်ကန်စွာ အသုံးချနိုင်ရေးအတွက် မူဝါဒများ ချမှတ်ပေးလျက်ရှိကြောင်း။

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အနေဖြင့် တစ်နိုင်ငံလုံးတွင် ဖွင့်လှစ်နေသော ပုဂ္ဂလိကဆေးရုံ၊ သားဖွားခန်း၊ အထူးဓာတ်ခွဲလုပ်ငန်း၊ အထူးဓာတ်မှန်လုပ်ငန်း၊ ကျန်းမာရေး အကျိုးဆောင်လုပ်ငန်းနှင့် အထွေထွေကျန်းမာရေးလုပ်ငန်းများကို ထိထိရောက်ရောက် စိစစ်ထိန်းကျောင်းလျက်ရှိပြီး လိုင်စင်စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်သည့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများကိုလည်း ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ ထိထိရောက်ရောက် အမှုဖွင့်အရေးယူခြင်းနှင့် စီမံခန့်ခွဲရေး နည်းလမ်းတစ်ရပ်ရပ်ဖြင့် အရေးယူခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း၊ ခေတ်ကာလလိုအပ်ချက်အရ လက်ရှိ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ဖြည့်စွက်ပြင်ဆင်သည့် ဥပဒေကိုအတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အလှအပရေးရာ ဆေးကုသမှုနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ ထိန်းကျောင်းနိုင်ရေး လိုအပ်သည်များ ဆွေးနွေးကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းမှု၊ အထူးကိစ္စရပ်များနှင့် ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းလိုင်စင်(အသစ်) လျှောက်ထားလာသည့် ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒီဒေါ်လာရိုက်ဇေးရှင်း (De - dollarization) အဆိုးအကောင်း

**စောနိုင် (အသုံးချဘောဂဗေဒ)**

(၁)

နိုင်ငံတကာဘဏ္ဍာရေးနယ်ပယ်တွင် လည်းကောင်း၊ ကမ္ဘာ့ငွေကြေးကိစ္စများတွင် လည်းကောင်း အမေရိကန်ဒေါ်လာ၏ ဩဇာညောင်းမှု၊ လွှမ်းမိုးမှုကြီးမားခဲ့သည်မှာ ကြာခဲ့ပြီ။ သို့သော် ကမ္ဘာ့စီးပွားရေး၊ ကုန်သွယ်ရေးအခြေအနေများ၊ ပထဝီနိုင်ငံရေးရေချိန်အနိမ့်အမြင့် အပြောင်းအလဲများအပေါ်မူတည်၍ အမေရိကန်ဒေါ်လာ၏ တွင်ကျယ်နေမှုကို စိန်ခေါ်မှုများ၊ ဆန့်ကျင်မှုများသည် အချိန်ကာလတစ်လျှောက်လုံး ရှိနေခဲ့သည်။

ယခုအချိန်တွင်မူ စီးပွားရေးအင်အားကြီးနိုင်ငံအချို့က ယခင်ကာလများထက် အမေရိကန်ဒေါ်လာအသုံးပြုမှုလျှော့ချရေးကို ပို၍စိတ်ဝင်စား၊ ပို၍အားထုတ်မှုများ ရှိလာနေသည်။ ထို့ကြောင့် အမေရိကန်ဒေါ်လာနှင့် ဆက်စပ်နေသည့်နိုင်ငံများသာမက အမေရိကန်အစိုးရကိုယ်တိုင်ပင် စဉ်းစားစရာ၊ စိုးရိမ်စရာများရှိလာသည်ဟု မှတ်ချက်ပြုကြသည်။

(၂)

အမေရိကန်ဒေါ်လာ ငွေကြေးအသုံးပြုမှုကို လျှော့ချရေး (ခေါ်) ဒီဒေါ်လာရိုက်ဇေးရှင်း (De-dollarization) ကို ကမ္ဘာ့ဘဏ္ဍာရေးတည်ငြိမ်မှုများအပေါ် သက်ရောက်နိုင်ခြေများသည့် ကြီးမားသောပြဿနာအဖြစ် အားလုံးက ထင်မြင်နေကြပြီဖြစ်၏။ ကမ္ဘာလုံးဆိုင်ရာ အရန်အက်ဆက်(Reserve Asset) များတွင် ဒေါ်လာငွေပါဝင်မှုအပြောင်းအလဲများသည် နိုင်ငံအတော်များများတွင် ဘဏ္ဍာရေးမတည်ငြိမ်မှုများကို ဖန်တီးဖြစ်ပေါ်စေလျက် အရင်းအနှီးစီးဆင်းမှုများ၊ အက်ဆက်ဈေးနှုန်း အလှုပ်အရှားများဆီသို့ ဦးတည်နေသည်။

အထူးသဖြင့် အမေရိကန် ဒေါ်လာငွေကြေးဖြင့် နိုင်ငံခြားကြွေးမြီပမာဏ များပြားစွာယူထားသောနိုင်ငံများ၊ ထွန်းသစ်စ ဈေးကွက်နိုင်ငံများတွင် ဖြစ်လာနိုင်သည်။ နိုင်ငံအသီးသီးရှိပေါ်လစီရေးဆွဲသူများသည် ဘဏ္ဍာရေးတည်ငြိမ်မှုကို အကာအကွယ်ပေးနိုင်ရေးနှင့် အပြောင်းအလဲများ ထိန်းချုပ်ရေးလုပ်ဆောင်နိုင်ရေးတို့အတွက် လုံ့လ ဝီရိယ ပိုမိုစိုက်ထုတ်ရန်လိုသည်ဟု အကြံပြုကြသည်။

(၃)

အမေရိကန်ဒေါ်လာနေရာတွင် စိတ်ချရသည့် ငွေကြေးသစ်တစ်မျိုး အစားထိုးသုံးစွဲနိုင်ရန်မှာ ခိုင်မာသောစီးပွားရေးအဆောက်အအုံ၊ အရည်အသွေးစိတ်ချရသည့် ငွေကြေးဈေးကွက်များ၊ ကောင်းမွန်ထိရောက်သောငွေကြေးနှင့် ဘဏ္ဍာရေး

> **အမေရိကန်ဒေါ်လာနေရာတွင် စိတ်ချရသည့် ငွေကြေးသစ်တစ်မျိုး အစားထိုး သုံးစွဲနိုင်ရန်မှာ ခိုင်မာသောစီးပွားရေးအဆောက်အအုံ၊ အရည်အသွေးစိတ်ချရသည့် ငွေကြေးဈေးကွက်များ၊ ကောင်းမွန်ထိရောက်သောငွေကြေးနှင့် ဘဏ္ဍာရေးမူဝါဒမူဘောင်များရှိရန် လိုအပ်သည်ကို သတိပြုမိကြသည်။ လက်ရှိအခြေအနေတွင် အဆိုပါလိုအပ်ချက်များနှင့် ကိုက်ညီမှုရှိသည့် ငွေကြေးအမျိုးအစား မတွေ့ရသေးပေ။ သို့သော် နိုင်ငံတကာက သတိပြုမိလောက်သည့် တိုးတက်မှုများရှိသော ငွေကြေးများ ပေါ်ထွက်လာနေသည်။ အထူးသဖြင့် ဥရောပငွေကြေး ယူရိုနှင့် တရုတ်ငွေကြေး ယွမ်တို့ကို ထောက်ပြကြ၏**

မူဝါဒ မူဘောင်များရှိရန် လိုအပ်သည်ကို သတိပြုမိကြသည်။ လက်ရှိအခြေအနေတွင် အဆိုပါလိုအပ်ချက်များနှင့် ကိုက်ညီမှုရှိသည့် ငွေကြေးအမျိုးအစား မတွေ့ရသေးပေ။ သို့သော် နိုင်ငံတကာက သတိပြုမိလောက်သည့် တိုးတက်မှုများရှိသောငွေကြေးများ ပေါ်ထွက်လာနေသည်။ အထူးသဖြင့် ဥရောပငွေကြေး ယူရိုနှင့် တရုတ်ငွေကြေး ယွမ်တို့ကို ထောက်ပြကြ၏။

ပေါ်လစီရေးဆွဲသူများအနေဖြင့် အမေရိကန်ဒေါ်လာငွေကြေးအသုံးပြုမှု လျှော့ချခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့်အခက်အခဲများကို လျှော့ချနိုင်ရေး အားထုတ်နေစဉ်မှာပင် ကွဲပြားခြားနားမှုကြောင့် ဖြစ်ပေါ်လာမည့် အကျိုးကျေးဇူးများကို ရရှိခံစားနိုင်စေရန်အတွက် ငွေကြေးမျိုးစုံ အရန်ထားရှိသည့် စနစ်တစ်ရပ်ဖြစ်နိုင်ခြေရှိ၊ မရှိကိုပါ လေ့လာဖော်ထုတ်သင့်သည်ဟု သုတေသီအချို့ကဆိုသည်။ လက်ရှိအခြေအနေတွင် အမေရိကန်ဒေါ်လာနှင့်ယှဉ်လျက် ယုံကြည်စိတ်ချရမည့် အခြားသောငွေကြေးတစ်မျိုး အစားထိုးနိုင်ရေး အားထုတ်မှုများသည် စတင်လုပ်ဆောင်ချိန်ကတည်းက အားလုံးအပေါ်တွင် ဖိအားဖြစ်စေသည့်ပြဿနာဖြစ်နေသည်။

(၄)

အမေရိကန်ဒေါ်လာအသုံးပြုမှု လျှော့ချခြင်း (ဒီဒေါ်လာရိုက်ဇေးရှင်း)သည် ငွေကြေးလဲလှယ်မှုနှုန်းများကိုလည်း မတည်ငြိမ်မှု ပိုမိုဖြစ်လာစေနိုင်သည်။ အထူးသဖြင့် ဒီဒေါ်လာရိုက်ဇေးရှင်း (De-dollarization) ပြုလုပ်သည့် အစောပိုင်းကာလများတွင် ပိုမိုဖြစ်လာနိုင်သည်ဟု မှန်းဆနေကြသည်။ ငွေကြေးလဲလှယ်နှုန်းအပြောင်းအလဲများသည် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် အရင်းအနှီးစီးဆင်းမှုများအပေါ် သက်ရောက်လွှမ်းမိုးဖြစ်ပေါ်မှုများရှိလာနိုင်သည်။

အထူးသဖြင့် ဘဏ္ဍာရေးဈေးကွက် အားနည်းနေသောနိုင်ငံများ သို့မဟုတ် ဈေးကွက်ကို ထိန်းကျောင်းပေးမည့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်အားနည်းသော နိုင်ငံများတွင် အန္တရာယ်ရှိနိုင်သည်။ မူဝါဒချမှတ်သူများနှင့် ဈေးကွက်အတွင်း ပါဝင်ပတ်သက်နေသူများက အခြေအနေအပြောင်းအလဲများကို စဉ်ဆက်မပြတ် ဂရုတစိုက် စောင့်ကြည့်လေ့လာလျက် အနှောင့်အယှက်အဟန့်အတား တစ်စုံတစ်ရာမဖြစ်ပေါ်လာစေရန် သင့်လျော်သောမူဝါဒအစီအမံများကို ကြိုတင်ပြင်ဆင်ထားရန် လိုပါသည်။

(၅)

ဒီဒေါ်လာရိုက်ဇေးရှင်း၏ အကျိုးဆက်ကြောင့် အမေရိကန်နိုင်ငံ၏ ငွေကြေးမူဝါဒအပြောင်းအလဲဖြစ်လာနိုင်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများသည် အမေရိကန်နိုင်ငံနှင့် ဆက်ဆံရေးလျှော့ကျလာနိုင်ကာ ၎င်းတို့၏ ငွေကြေးဆိုင်ရာ အခွင့်အာဏာများကိုလည်း တိုးမြှင့်ရေး လုပ်ဆောင်လာနိုင်ဖွယ်ရှိသည်။ အကျိုးဆက်များသည် အဆိုးအကောင်းတန်းစီနေပေလိမ့်မည်။ ငွေရေးကြေးရေးစနစ်အားနည်းသောနိုင်ငံများတွင် ဘဏ္ဍာရေးဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာ၌ ယခင်ကထက် ခက်ခဲမှုများ ပို၍ရှိလာနိုင်သည်။ အပြောင်းအလဲများကြောင့် ရှားပါးသော အရင်းအမြစ်များအပေါ်ပိုမိုစူးစိုက်သုံးစွဲလာရသဖြင့် ကုန်ကျစရိတ်များပါ မြင့်တက်လာနိုင်သည်။

(၆)

ဒီဒေါ်လာရိုက်ဇေးရှင်း(De-dollarization) ကြောင့် စတင်ပျိုးထောင်လုပ်ကိုင်မည့် စီးပွားရေးလုပ်ငန်းသစ်များ အကျိုးဖြစ်ထွန်းမှုရှိလာနိုင်သကဲ့သို့ ခက်ခဲမှုများလည်း ပိုတွေ့လာနိုင်သည်။ ထို့အတူ ပြည်တွင်းနှင့် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အားပေးမှုများကြောင့် ဘဏ္ဍာငွေရရှိမှုအခြေအနေကောင်းမွန်လာနိုင်သော်လည်း ငွေကြေးဆိုင်ရာ စိုးရိမ်မှုများကြောင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ စီးဝင်မှုကို ဟန့်တားမှုများသည့် အခြေအနေများ ဖြစ်လာနိုင်သည်။ နယ်စပ်ဖြတ်ကျော် ငွေပေးငွေယူများ၌ လုပ်ငန်းဆိုင်ရာအခက်အခဲများနှင့် ကုန်ကျစရိတ်များမြင့်မားကာ ရှုပ်ထွေးမှုများ ရှိလာနိုင်လိမ့်မည်။

(၇)

စဉ်းစားစရာများ ရှိနေသေးသည်။ ငွေကြေးအမျိုးအစားသစ်တစ်ရပ်ကို ဈေးကွက်များက မည်သို့မည်ပုံတုံ့ပြန်နိုင်သနည်း။ လူတိုင်းစဉ်းစားနိုင်သည့်အချက်မှာ တီထွင်ဖန်တီးထားသည့် ငွေကြေးသစ်ကို ဈေးကွက်များက (မမှန်းဆနိုင်သည့်) နည်းလမ်းအမျိုးမျိုးဖြင့် တုံ့ပြန်နိုင်သောကြောင့် ထူထောင်ခါစလုပ်ငန်းများအပါအဝင် လုပ်ငန်းအတော်များများအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ ဘေးအန္တရာယ်များ ကြုံတွေ့လာရနိုင်သည်။

လွယ်လွယ်ကူကူ စီမံခန့်ခွဲနိုင်မည်မဟုတ်၊ ပြင်ဆင်အားထုတ်နေစဉ်မှာပင် ဈေးကွက်မတည်ငြိမ်မှုကို ကြုံရနိုင်ပေသည်။ ကောင်းကျိုးများလည်း မျှော်လင့်နိုင်သည်။ စိန်ခေါ်မှုအသစ်များအောက်၌ နည်းပညာသစ်များ၊ လုပ်ငန်းမဟာဗျူဟာသစ်များ၊ စီးပွားရေးလုပ်ငန်းပုံစံသစ်များနှင့် လုပ်ကိုင်နိုင်သည့် စီးပွားရေးဝန်းကျင်သစ်တစ်ရပ်ကို ဖန်တီးပေးနိုင်ပါက စွန့်ထွင်လုပ်ငန်းရှင်များ၏ စွမ်းရည်ကို လှုံ့ဆော်တွန်းအားပေးသကဲ့သို့ ဖြစ်လာနိုင်ပေသည်။

သေချာသည့်အချက်မှာ ဒီဒေါ်လာရိုက်ဇေးရှင်း (De-dollarization) ဟု ခေါ်ဆိုနေကြသည့် အမေရိကန်ဒေါ်လာ အသုံးပြုမှုလျှော့ချခြင်းကြောင့် ဖြစ်လာနိုင်သည့် သက်ရောက်မှုများကို မိုက်ခရိုစီးပွားရေးရှုထောင့် (လုပ်ငန်းတစ်ခုချင်းစီ၏အခြေအနေကိုရှုမြင်မှု)မှဖြစ်စေ၊ မက်ခရိုစီးပွားရေးရှုထောင့် (နိုင်ငံတစ်နိုင်ငံချင်းစီ၏ စီးပွားရေးအခြေအနေကိုရှုမြင်မှု)မှဖြစ်စေ ကြိုတင်မှန်းဆကြည့်ပါက အခွင့်အလမ်းနှင့် စိန်ခေါ်မှုနှစ်မျိုးစလုံးကို မြင်ရပေလိမ့်မည်။ ။

---

## တောင်ကြီးမြို့နယ် ဘုရားငါးဆူကျေးရွာ အရုဏ်သစ်စာကြည့်တိုက် ဖွင့်ပွဲကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၁၆**

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ဘုရားငါးဆူကျေးရွာ အရုဏ်သစ်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ အရုဏ်သစ်စာကြည့်တိုက်အား ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံနှင့် တောင်ကြီးခရိုင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး အရုဏ်သစ် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်နယ်စီးပွားရေးရာဝန်ကြီးက ကျေးလက်ဒေသတွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့် အသိပညာ ဗဟုသုတများကို လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်စေရန် ကျေးရွာစာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ် ပေးနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် ပြည်နယ်စီးပွားရေးရာဝန်ကြီးက စာကြည့်တိုက်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပြီး စာကြည့်တိုက် အဆောက်အအုံ မှတ်တမ်းအား မြို့နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။ ဆက်လက်၍ အရုဏ်သစ်စာကြည့်တိုက်အတွက် စာအုပ်စာစောင်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းရာ ပြည်နယ်ဥပဒေချုပ်က လက်ခံရယူပြီး ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခွန်သိန်းထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



အဆိုပါ အရုဏ်သစ်စာကြည့်တိုက်ကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီ၏ ပံ့ပိုးငွေကျပ်သိန်း ၁၅ဝ အပြင် ဒေသခံပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားသို့ တက်ရောက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားတွင် နှစ်သစ်နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၁၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမင်းသိန်းဇံ၊ Jeng Phang နော်တောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက နှစ်သစ်နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် နာဂတိုင်းရင်းသားများနှင့် အနယ်နယ်အရပ်ရပ်ရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးအနေဖြင့် စည်းလုံး ညီညွတ်ခြင်းများနှင့်အတူ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ နာဂတိုင်းရင်းသားလူမျိုးများ၏ မျိုးနွယ်စုရိုးရာဓလေ့ထုံးတမ်းများနှင့် ရိုးရာမြေဝိုင်းအကပဒေသာများ မပျောက်ပျက်အောင် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်လာသည့်အတွက် ဝမ်းသာပီတိဖြစ်မိကြောင်း။

နာဂဒေသသည် တည်ငြိမ်အေးချမ်းသည့်ဒေသ ဖြစ်သည့်အတွက် ကဏ္ဍအလိုက် လိုအပ်သည်များကို နိုင်ငံတော်အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် လုပ်ငန်း ၈၂ ခု၊ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်း ၁၅၈ ခုဖြင့် နာဂဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်း လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် လဟယ်မြို့ ဟွေထိုက်ချောင်းမှ ၄ မဂ္ဂါဝပ်ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မည့် ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နာဂဒေသ၏ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ၂၀၂၄-၂၀၂၅ ပညာရေးနှစ်တွင် လဟယ်မြို့နယ်၌ အစိုးရနည်းပညာ အထက်တန်းကျောင်း တစ်ကျောင်းနှင့် လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့တွင် စက်မှုနည်းပညာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် စက်မှု၊ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းများကို သင်ကြားပို့ချလျက်ရှိကြောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းများနှင့် အမျိုးသမီး အိမ်တွင်းမှုသက်မွေးပညာ သင်တန်းကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ငါးဘီလီယံအား ပြည်သူလူထု၏လူမှုစီးပွားဘဝ အရှိန်အဟုန်မပျက် ပြန်လည်ဖွံ့ဖြိုးလာစေရန်နှင့် ဒေသအတွင်း လူနေမှုဘဝ အဆင်ပြေချောမွေ့စေရေး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်သုံးမြို့နယ်သို့ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အခြားစီးပွားရေးကုန်ထုတ်လုပ်ငန်းအတွက် ထုတ်ချေး ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အကျိုးရှိရှိ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နာဂဒေသအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများအပြင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်များ ပြည့်စုံစေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကုန်ထုတ်လုပ်ငန်းများကို ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရန်နှင့် ရိုးရာချည်ထည်လုပ်ငန်းများ ရက်လုပ်မှုနည်းစနစ် တိုးမြှင့်နိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆူပူသောင်းကျန်းမှုမရှိသည့် အေးချမ်းသည့်ဒေသများတွင် မိသားစုအကျိုး၊ ရပ်ရွာအကျိုး၊ ဒေသအကျိုးများကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများ အစဉ်တိုးတက်နေမည်ဖြစ်ကြောင်း၊ နာဂဒေသသည်လည်း အေးချမ်းသည့်၊ ငြိမ်းချမ်းသည့် ဒေသအဖြစ် အမြဲထိန်းသိမ်းထားရန်လိုအပ်ပြီး နာဂလူမျိုးများ၊ ဒေသတွင်းနေ အခြားတိုင်းရင်းသားလူမျိုးများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေအောင် ဆောင်ရွက်ရန် ဒေသတွင်းနေ တိုင်းရင်းသားပြည်သူအားလုံးတွင် တာဝန်ရှိပြီး အလုပ်ကို ကြိုးစားလုပ်ကိုင်ဆောင်ရွက်သွားကြရန် တိုက်တွန်း ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က နှစ်သစ်အမှာစကား ပြောကြားပြီး နာဂတိုင်းရင်းသားတစ်ဦးက နာဂရိုးရာနှစ်သစ်ကူးပွဲတော် ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားကာ နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဦးပေါင်ခုက ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးထံ နှစ်သစ်ကူးအမှတ်တရလက်ဆောင် ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာပစ္စည်းများကို ပေးအပ်ကြရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး သဘာပတိက နိဂုံးချုပ်စကားပြောကြားကာ နာဂနှစ်သစ်ကူးပွဲတော်ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး ပြခန်းများကို လိုက်လံကြည့်ရှုစဉ်။

ဆက်လက်၍ ရိုးရာယဉ်ကျေးမှုပြခန်းနှင့် ဌာနဆိုင်ရာပြခန်းများကို လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လဟယ်မြို့ရှိ ဟွေထိုက်ရေအားလျှပ်စစ်စီမံကိန်းကိုလည်းကောင်း၊ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှု ခံယူနေကြသော ဒေသခံ တိုင်းရင်းသားများကိုလည်းကောင်း၊ လဟယ်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်း၊ မိုးဒန်းအပန်းဖြေအလှကန် တည်ဆောက်ပြီးစီးမှု၊ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာ သင်တန်းကျောင်းနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများကို လည်းကောင်း လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ညပိုင်းတွင် ၂၀၂၅ ခုနှစ် နာဂရိုးရာယဉ်ကျေးမှုမီးပုံပွဲသို့ တက်ရောက်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် လဟယ်မြို့နယ် နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌတို့က နာဂရိုးရာ ယဉ်ကျေးမှုမီးပုံပွဲကို မီးထွန်းညှိ ဖွင့်လှစ်ကြပြီး နာဂရိုးရာမျိုးနွယ်စုများအလိုက် ရိုးရာအကများဖြင့် ကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးကြကာ နာဂမျိုးနွယ်စုရိုးရာအကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နာဂရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်စေရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ နာဂရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်၍ ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ရန်၊ နာဂတိုင်းရင်းသား လူမျိုးစုများအကြား **စာမျက်နှာ ၈ သို့** ✻



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး လဟယ်မြို့ရှိ ဟွေထိုက်ရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Sanjay Mathur အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၁၆**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services–UNOPS) ၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Sanjay Mathur အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNOPS က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ မြန်မာနိုင်ငံနှင့် UNOPS တို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**တက်ရောက်**

အစည်းအဝေးသို့ UNOPS ၏ မြန်မာနိုင်ငံဆိုင်ရာညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်ဖြစ်သူ Ms. Sara Austin Netzer၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Sanjay Mathur အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) ၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Sanjay Mathur နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး(UNOPS)တို့အကြား အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အစီအစဉ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် UNOPS မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) ဥက္ကဋ္ဌ ဦးမြတ်သူဝင်းနှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မသန်စွမ်းသူများအတွက် စိတ်ဓာတ်မြှင့်တင်ဖော်ဆောင်ပေးနိုင်ရေးနှင့် အခွင့်အလမ်းများ ပိုမိုမြှင့်တင်ပေးနိုင်ရေး၊ လူ့အဖွဲ့အစည်းအတွင်း တန်းတူညီမျှမှုရှိရေးနှင့် ပူးပေါင်းလုပ်ဆောင်သွားနိုင်ရေး၊ ဆန်းသစ်တီထွင်မှုနှင့် အားကစားကဏ္ဍတွင် မသန်စွမ်းသူများအားလုံးပါဝင်နိုင်ရေး၊ အလုပ်အကိုင်၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုနယ်ပယ်များတွင် ချိတ်ဆက်ပေးနိုင်ရေး၊ ရုပ်သံအသိပညာပေးအစီအစဉ် ဆောင်ရွက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

✻ **စာမျက်နှာ ၇ မှ**

ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုများ ပိုမိုရရှိလာနိုင်စေရန်၊ နာဂဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် နာဂတိုင်းရင်းသားများ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နိုင်ရန်နှင့် နာဂမျိုးနွယ်စုအချင်းချင်း ရင်းနှီးချစ်ကြည်မှုကို အခြေခံ၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ဆောင်ကာ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားလာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ နာဂရိုးရာ နှစ်သစ်ကူးပွဲတော်သို့ ပြည်တွင်း၊ ပြည်ပမှ ခရီးသွား ဧည့်သည်များလည်း စိတ်ဝင်တစားဖြင့် လာရောက်ကြည့်ရှုလေ့လာကြပြီး မီးပုံပွဲများတွင်လည်း ပျော်ရွှင်စွာဖြင့် အတူတကွ ပါဝင်ဆင်နွှဲလေ့ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့၏ (၇၃)ကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၆**

မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့၏ (၇၃)ကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနုမြဲဇံနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တ ဦးပညိန္ဒနှင့် အဖွဲ့ဝင် ပညာရှင်ကြီးများ တက်ရောက်ကြသည်။




အစည်းအဝေးတွင် ဒုတိယဝန်ကြီးက မြန်မာပြက္ခဒိန်သည် သာသနာ့ဝန်ကို ထမ်းဆောင်တော်မူကြသည့် ရဟန်း၊ သံဃာတော်များအတွက် ဝိနည်းတော်နှင့်အညီ ဝါဆို၊ ဝါကပ်ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် အရေးပါသည့် သတ်မှတ်ချက်တစ်ခုဖြစ်ကြောင်း၊ မြန်မာ–အင်္ဂလိပ်–ရခိုင် မူမှန်ပြက္ခဒိန်ရေးဆွဲရေးနှင့် မဟာသင်္ကြန်စာရေးသားပြုစုရေးတို့ကို ပညာရှင်ကြီးများအနေဖြင့် နှစ်စဉ်ဆောင်ရွက်ကြသည့်အတိုင်း ဝိုင်းဝန်းကြိုးပမ်း ပြုစုရေးဆွဲနိုင်ရေး ပန်ကြားလျှောက်ထားသည်။

ထို့နောက် မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တ ဦးပညိန္ဒက အဖွင့်အမှာစကား မိန့်ကြားတော်မူပြီး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းက (၇၃) ကြိမ်မြောက် မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ မျက်နှာစုံညီအစည်းအဝေးနှင့် စပ်လျဉ်း၍ လျှောက်ထား ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ အဖွဲ့ဝင်ဆရာကြီးများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး ဥက္ကဋ္ဌဆရာတော်က လိုအပ်သည်များကို ပြန်လည်မိန့်ကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၆**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ရွှေပြည်သာအားကစားကွင်း၌ ကျင်းပသည့် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲနှင့်(အမျိုးသမီး)ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသည့် အသင်းများ၊ ပိုက်ကျော်ခြင်း(အမျိုးသား) သုံးယောက်တွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသည့် အသင်းများ၊ မီနီမာရသွန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိခဲ့ကြသည့် အားကစားသမားများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။



ဘော်လီဘောပြိုင်ပွဲများကို ဇန်နဝါရီ ၁၂ ရက်မှ ၁၄ ရက်အထိကျင်းပခဲ့ရာ ဘော်လီဘော(အမျိုးသား) ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၂ သင်းနှင့် (အမျိုးသမီး) ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း လေးသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပိုက်ကျော်ခြင်းပြိုင်ပွဲများကို ဇန်နဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့ရာ ပိုက်ကျော်ခြင်း(အမျိုးသား) သုံးယောက်တွဲပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်၍ မီနီမာရသွန်ပြိုင်ပွဲကို ဇန်နဝါရီ ၁၄ ရက်က ကျင်းပရာ ပြိုင်ပွဲဝင်ဦးရေ ၁၂၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့ပြင် ရွှေပြည်သာအားကစားကွင်း၌ ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများအဖြစ် ချောတိုင်တက်ပြိုင်ပွဲနှင့် လွန်ဆွဲပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ လာရောက်ကြသည့် မျိုးနွယ်စုများ ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အားကစားကွင်း၊ အားကစားရုံများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားကာ စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနဝန်ထမ်းများနှင့်တွေ့ဆုံ အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ဟုမ္မလင်းမြို့၌ နာဂရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပ

**ဟုမ္မလင်း ဇန်နဝါရီ ၁၆**

စစ်ကိုင်း တိုင်းဒေသကြီး ဟုမ္မလင်းမြို့၌ နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုကော်မတီက စီစဉ်ကျင်းပသည့် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၁၅ ရက် ညနေပိုင်းက ဟုမ္မလင်းမြို့ နန်ဖွတ်မော်ရပ်ကွက် နာဂရိုးရာကွင်း၌ ကျင်းပသည်။

အခမ်းအနားကို နာဂအကြီးအကဲများနှင့် ဧည့်သည်တော်များက နာဂရိုးရာ ဘန်တုံးထုခြင်းဖြင့် ဖွင့်လှစ်ပြီး နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုကော်မတီ နာယကကြီး ဦးပီတာနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းတို့က နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကာ နာဂရိုးရာနှစ်သစ်ကူးပွဲတော် ဖြစ်ပေါ်လာပုံကို မဖြိုးနေဇာလင်းက ရှင်းလင်းဖတ်ကြားသည်။

ဆက်လက်၍ နာဂအကြီးအကဲများက နှစ်သစ်ကူးလက်ဆောင်ပေးအပ်ခဲ့ပြီး နာဂရိုးရာနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် ချစ်ကြည်ရေး အားကစားပြိုင်ပွဲ ဘော်လီဘောပြိုင်ပွဲနှင့် ဖူဆယ်ပြိုင်ပွဲများတွင် ဆုရရှိသည့် အသင်းသားများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြသည်။

ထို့နောက် ဦးချွေးထောင်းက ဦးဆောင်၍မီးပုံပိုင်းကို မီးထွန်းညှိပေး၍ဖွင့်လှစ်ပြီး ဟုမ္မလင်းမြို့ပေါ်ရှိ နာဂတိုင်းရင်းသားရိုးရာအကများဖြစ်သည့် မကူရီအမျိုးသားအက၊ အမျိုးသမီးအက၊ တန်ကွန် အမျိုးသားအက၊ အမျိုးသမီးအက၊ ပါရာအမျိုးသမီးအက၊ နာဂရိုးရာဖက်ရှင်ရှိုး၊ လူငယ်နာဂအလန်းဇယားအက၊ ခေတ်ပေါ်နာဂအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

နာဂရိုးရာ နှစ်သစ်ကူးနေ့သည် တောင်ယာ၊ လယ်ယာလုပ်ငန်းများပြီးစီးသည့်အချိန်ဖြစ်၍ လုပ်ငန်းအတွေ့အကြုံ ဖလှယ်ခြင်း၊ ရှေ့လာမည့်နှစ်အတွက် လုပ်ငန်းများညှိနှိုင်းခြင်း၊ လုပ်မှားကိုင်မှားအပြစ်များဝန်ခံခြင်း၊ တောင်းပန်ခြင်း၊ လာမည့်နှစ်များတွင် ဆန်ရေစပါးပေါ်များအောင် ဆုတောင်းခြင်း၊ ရပ်ဝေး၊ ဆွေမျိုးများနှင့် ပြန်လည်ဆုံတွေ့နိုင်ရန် ဆုတောင်းခြင်းများ ပြုလုပ်သည့်ပွဲတော်ဖြစ်ကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**

# ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**ဟသ်ာတ ဇန်နဝါရီ ၁၆**

ဧရာဝတီ တိုင်းဒေသကြီး ဟသ်ာတမြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းမြတ်အောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် သင်တန်းနှစ်အသီးသီးတွင် အမှတ်အများဆုံးဖြင့် အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းမြတ်အောင်၊ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၀၀ ခန့်တက်ရောက်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူများက အဆို၊ အကများဖြင့် ပြန်လည်ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# အာရှဖလား အမျိုးသမီးဖူဆယ်ခြေစစ်ပွဲ မြန်မာနှင့် တရုတ်(တိုင်ပေ)ယနေ့ ကစားမည်

**ရန်ကုန် ဇန်နဝါရီ ၁၆**

၂၀၂၅ အာရှဖလား အမျိုးသမီးဖူဆယ်ခြေစစ်ပွဲ အုပ်စုပွဲစဉ်များကို ဇန်နဝါရီ ၁၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် တရုတ်(တိုင်ပေ)အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု(D) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိပြီး ဒုတိယနေ့အဖြစ် ယနေ့မွန်းလွဲ ၂ နာရီတွင် ဗီယက်နမ်အသင်းနှင့် မကာအိုအသင်း၊ ညနေ ၅ နာရီတွင် မြန်မာအသင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် ဇန်နဝါရီ ၁၅ ရက်က ကစားသည့် အုပ်စုပထမပွဲတွင် ဗီယက်နမ်အသင်းကို ဂိုးပြတ်အရေးနိမ့်ထားသဖြင့် ယခုပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန်လိုအပ်နေသည်။

ခြေစစ်ပွဲကို အုပ်စုလေးခုခွဲ၍ ကျင်းပလျက်ရှိပြီး ဇန်နဝါရီ ၁၅ ရက်ပွဲစဉ်များအပြီးတွင် အုပ်စု(A)၌ ထိုင်းအသင်းကနှစ်ပွဲကစား ခြောက်မှတ်၊ ဘာရိန်းအသင်းကနှစ်ပွဲကစား လေးမှတ်၊ ပါလက်စတိုင်းအသင်းကသုံးပွဲကစား လေးမှတ်၊ လက်ဘနွန်အသင်းကနှစ်ပွဲကစား တစ်မှတ်၊ အီရတ်အသင်းကသုံးပွဲကစား တစ်မှတ်၊ အုပ်စု(B)၌ အင်ဒိုနီးရှားအသင်းနှင့် ဟောင်ကောင်အသင်းကတစ်ပွဲကစား သုံးမှတ်စီ၊ အိန္ဒိယအသင်းနှင့် ကာဂျစ္စတန်အသင်းက တစ်ပွဲကစား အမှတ်မရသေး၊ အုပ်စု(C)၌ ဖိလစ်ပိုင်အသင်းက သုံးပွဲကစား ခုနစ်မှတ်၊ ဩစတြေးလျအသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ ဥဇဘက်ကစ္စတန်အသင်းက နှစ်ပွဲကစား လေးမှတ်၊ နှစ်ပွဲကစားထားသည့် တာ့ခ်မင်နစ္စတန်အသင်းနှင့် သုံးပွဲကစားထားသည့် ကူဝိတ်အသင်းတို့က အမှတ်မရသေး၊ အုပ်စု(D)၌ တရုတ်(တိုင်ပေ) အသင်းနှင့် ဗီယက်နမ်အသင်းက တစ်ပွဲကစား သုံးမှတ်စီ၊ မြန်မာအသင်းနှင့် မကာအိုအသင်းက တစ်ပွဲကစား အမှတ်မရသေးပေ။ **ကိုညီလေး**



# အင်းစိန်မြို့နယ်၌ လူငယ်အသိပညာပေး ဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၆**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)နှင့် မြို့နယ်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို လူငယ်အသိပညာပေးဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အင်းစိန် အမှတ်(၉) အခြေခံပညာ အလယ်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က အဖွင့်အမှာစကားပြောကြားပြီး စာပေဥယျာဉ်အသင်းဥက္ကဋ္ဌနှင့် သတင်းစာဆရာအသင်းနာယက စာရေးဆရာ သတင်းစာဆရာ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုအဖြစ် လူငယ်များ လွတ်လပ်ရေးအငွေ့အသက်ရှင်သန်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး စာပေများကိုလေ့လာဖတ်ရှုကြရန် ဆွေးနွေးဟောပြောသည်။

ထို့နောက် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက ဆုရကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် ဒေါက်တာဗိုလ်သံမဏိ(တောင်တွင်းကြီး)နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှတာဝန်ရှိသူတို့က ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်များကိုပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **မြင့်ဦး**

ကျန်းမာရေးဝန်ကြီးဌာန

(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်မှ ၂၄ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့




# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရေစီးရေလာကောင်းမွန်ရေးနှင့် မြို့တော်သန့်ရှင်းစည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၁၆**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီသည် အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄) ရပ်ကွက်သို့သွားရောက်၍ အမှတ်-၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀ နှင့်၄၁ ရပ်ကွက်များအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ငမိုးရိပ်ချောင်းသို့ စီးဝင်သောအဓိက ရေနုတ်မြောင်းဖြစ်သည့် ပြည်လုံးမွေးလမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုနှင့် Pump House Station တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် သရက်ပင်ချောင်ကျေးရွာသို့ သွားရောက်၍ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြေဧရိယာ ၁၈၇ ဒသမ ၃ ဧက ကျယ်ဝန်းသည့် သရက်ပင်ချောင် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံတည်ဆောက်ရေး စီမံကိန်းဝင်းအတွင်း အမှိုက်များစုပုံနိုင်ရေးအတွက် အမှိုက်ကန်ဧရိယာတိုးချဲ့တည်ဆောက်နေမှု၊ အမှိုက်သိမ်းယာဉ်များ ကတ္တားချိန်ရန် ဆောင်ရွက်နေမှု၊ အမှိုက်သိမ်းယာဉ်များ စက်သုံးဆီဖြည့်ရန် ဆီပန့်အဆောက်အအုံနှင့် စက်သုံးဆီသိုလှောင်ကန် တည်ဆောက်နေမှု၊ ရေစုကန်နှင့် ရေထိန်းတံခါး တည်ဆောက်ထားရှိမှုနှင့် နှစ်ထပ်ရုံးခန်းအဆောက်အအုံ တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဆောင်းရာသီတွင် ဖြစ်ပွားလေ့ရှိသော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် အသိပေးနှိုးဆော်ချက် (၁၃-၁-၂၀၂၅)

ဆောင်းရာသီကာလတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားစေတတ်သော ရာသီတုပ်ကွေးရောဂါပိုးများ၊ ကိုဗစ် - ၁၉ ရောဂါပိုး၊ Human metapneumovirus(HMPV) ရောဂါပိုးစသည့် အဏုဇီဝရောဂါပိုးများ ကူးစက်ဖြစ်ပွားမှု မြင့်တက်လေ့ရှိပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကိုယ်ခံအားစနစ် ကျဆင်းနေသူများတွင် ရောဂါပိုမိုပြင်းထန်စွာ ခံစားရစေနိုင်သည်။

### ရောဂါကူးစက်ပုံနည်းလမ်းများ

- ရောဂါပိုးကူးစက်ခံစားနေရသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှထွက်ရှိသည့် အစက်အမှုန်များ(Droplets) မှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးကူးစက်ခံစားနေရသူနှင့် အနီးကပ်ထိတွေ့ခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်းမှ တစ်ဆင့်ကူးစက်ခြင်း၊
- ရောဂါပိုးကပ်တင်နေသည့် အရာဝတ္ထုပစ္စည်းများ၊ မျက်နှာပြင်များအား လက်ဖြင့်ထိမိပြီး ပါးစပ်၊နှာခေါင်းနှင့် မျက်စိတို့အား ထပ်ဆင့်ထိမိရာမှ တစ်ဆင့်ကူးစက်ခြင်း။

### ရောဂါလက္ခဏာများ

- ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ နှာစေးနှာပိတ်ခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူကျပ်ခြင်း၊
- ရောဂါပြင်းထန်ပါက လေပွန်ရောင်ခြင်း၊ အဆုတ်ရောင်ခြင်း။

### ရောဂါကာကွယ်ရေးနည်းလမ်းများ

- ရောဂါသံသယလက္ခဏာများ ခံစားရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ဝတ်ဆင်ခြင်း၊ ဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးခြင်း၊ နှာချေ၊ ချောင်းဆိုးပါက နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင်ဖုံးအုပ်ခြင်း၊ အခြားသူများနှင့် ခပ်ခွာခွာနေခြင်း။

**လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွားမှု မြင့်တက်လျက်ရှိသော ပြည်ပနိုင်ငံများသို့ သွားရောက်မည့်သူများအနေဖြင့် ရောဂါကူးစက်ခံရမှုမရှိစေရေး သတိပြုကာကွယ်ကြရန်နှင့် မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် သံသယလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ စောစီးစွာ သွားရောက်ပြသ၍ ကုသမှုခံယူကြရန် ဖြစ်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၁၆**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မိုး/ဇလ

# မင်္ဂလာတောင်ညွန့်မြို့နယ် ပညာရေးစုံညီပွဲတော်နှင့်ဆုပေးပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်တွင် မြို့နယ်အဆင့် ၂၀၂၄-၂၀၂၅ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက်က အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ယုဇနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပညာရေးမှူးဒေါက်တာဒေါ်ခင်သူဇာစိန်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ရီရီစန္ဒာက စုံညီပွဲတော်ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊မြို့နယ်အဆင့် ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)



# ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး ကျင်းပ

**ပုသိမ် ဇန်နဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး (၁/၂၀၂၅) ကို ယနေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။



အစည်းအဝေးတွင် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက "ဧရာဝတီတိုင်းဒေသကြီးတွင် လယ်ယာလုပ်ငန်းကိုအခြေခံသည့် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ၊ အထည်ချုပ်လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်များအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံမှုများရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်တွင်း၊ ပြည်ပလုပ်ငန်းများကို ဖိတ်ခေါ်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူးနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဆန်စပါး၊ ပဲနှင့်ပြောင်း ကြိတ်ခွဲထုတ်လုပ်တင်ပို့ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုလျှောက်ထားလွှာ တင်ပြခြင်းကိစ္စ၊ တည်ဆောက်ရေးကာလ တိုးမြှင့်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စများ၊ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ခွင့်ပြုပါရန်တင်ပြခြင်းကိစ္စများ၊ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်ရေးကာလ တိုးမြှင့်ခွင့်ပြုပါရန်တင်ပြခြင်းကိစ္စ၊ ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်ရေးကာလ တိုးမြှင့်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စများ၊ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့် ပြန်လည်အပ်နှံခြင်းကိစ္စနှင့် ရာခိုင်နှုန်းပြည့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဖြင့် ရှယ်ယာလွှဲပြောင်းခွင့်ပြုပါရန် တင်ပြခြင်းကိစ္စများအား ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များ၏ အထွေထွေဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး ပျဉ်းမနားမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၆**

ဒေသဖွံ့ဖြိုး တိုးတက်ရေးနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့နယ် သနပ်ပင်ဆိပ်ကျေးရွာ၌ ကျင်းပသည်။



အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ ခရိုင်/မြို့နယ်များမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သနပ်ပင်ဆိပ်၊ ညောင်ပင်သာ၊ ကျွန်းဦး၊ နတ်သူရဲကျေးရွာများမှ ရွာသူရွာသားများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ပြည်သူ့စစ်မှုထမ်းဥပဒေတွင် သတ်မှတ်ထားသည့် အသက်အရွယ်အတွင်း ဥပဒေနှင့် ကိုက်ညီသူများထဲမှ ခေါ်ယူခြင်းဖြစ်ပြီး ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်များကိုလည်း ဗဟိုအဖွဲ့က သတ်မှတ်ပေးထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ပါကြောင်း၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေးသုံးပါးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ထာဝရရပ်တည်မြဲမြံစေရန်အတွက် စောင့်ထိန်းရမည့် အမျိုးသားရေးတာဝန်ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ ဆန္ဒဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပြန်လည်လျှောက်လှမ်းနိုင်ရန် ဦးစွာလိုအပ်ချက်မှာ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုရရှိရေးပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉)ရပ် ချမှတ်ပြီး နိုင်ငံတော်ဘက်စုံထောင့်စုံမှ ကြိုးပမ်းဆောင်ရွက်နေကြောင်း ပြောကြားသည်။

ထို့နောက် ပျဉ်းမနားခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဦး၊ ပျဉ်းမနားခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး ထွန်းလင်းဦးနှင့် ပျဉ်းမနားမြို့နယ် ဥပဒေအရာရှိ ဦးအောင်ပွားထွန်းတို့က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

# ဇမ္ဗူသီရိမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

**ဇမ္ဗူသီရိ ဇန်နဝါရီ ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် ရပ်ကွက်/ ကျေးရွာများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ယမန်နေ့ညပိုင်းက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများအတွင်း အသံချဲ့စက်ဖြင့် လိုက်လံအသိပေးနှိုးဆော်သည်။

**လိုက်လံအသိပေး**

ထိုသို့ ဆောင်ရွက်ရာတွင် ဇမ္ဗူသီရိမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေနော်ဝင်းနှင့် ဝန်ထမ်းများ၊ ဇမ္ဗူသီရိမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရာဇာမင်းမြတ်နှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်းကာ ရပ်ကွက်/ကျေးရွာနေပြည်သူများ လိုက်နာရမည့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်နှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များအား ဒေသန္တရအမိန့်ထုတ်ပြန်၍ လိုက်လံအသိပေး နှိုးဆော်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးမှ ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်ထုတ်ပေး




**ရန်ကုန် ဇန်နဝါရီ ၁၆**

ရန်ကုန်တိုင်း ဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Jun Sheng အထည်ချုပ်စက်ရုံမှ အာမခံအလုပ်သမား၏ လုပ်ငန်းခွင်အတွင်း ထိခိုက်သေဆုံးမှု အတွက် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်ကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်လူမှုဖူလုံရေးရုံး၌ ထုတ်ပေးသည်။

**အကျိုးခံစားခွင့်**

Jun Sheng အထည်ချုပ်စက်ရုံမှ အာမခံအလုပ်သမား ဒေါ်စမ်းစမ်းစိမ့်သည် စက်ရုံမှ နေအိမ်သို့ အပြန်လမ်းတွင် ယာဉ်တိုက်ခံရပြီး ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားသည့်အတွက် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ် ၄၁၇၆၀၀၀ ကို ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက သေဆုံးသူ၏သားဖြစ်သူ မောင်ချစ်ကိုကိုထံသို့ စက်ရုံမှ တာဝန်ရှိသူများ၊ အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များ၏ ရှေ့မှောက်တွင် ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

○ မြောက်လန်ဒန်ဒါဘီမှ

အာဆင်နယ်အသင်းဟာ စပါးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးက လီဗာပူးအသင်းနဲ့ လေးမှတ်အကွာ အမှတ်ပေးဇယား ဒုတိယနေရာမှာ ဆက်လက်ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။

စပါးအသင်းဟာ အခုပွဲစဉ်မတိုင်မီ အာဆင်နယ်အသင်းနဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ပွဲစဉ်သုံးပွဲမှာလည်း နိုင်ပွဲမရရှိခဲ့တာဖြစ်ပြီး ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၄ ရက်က တစ်ဖက်နှစ်ဂိုးစီသရေ၊ ၂၀၂၄ ခုနှစ် ဧပြီ ၂၈ ရက်က အာဆင်နယ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်ကလည်း အာဆင်နယ်အသင်းက စပါးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိထားတာလည်း ဖြစ်ပါတယ်။

အာဆင်နယ်အသင်းက အိမ်ကွင်းအမ်းမရိတ်မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် ၂၁ မှာ စပါးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားတတိယနေရာက နော့တင်ဟမ်ဖောရက်စ် အသင်းကို နှစ်မှတ်ဖြတ်ထားနိုင်ခဲ့ပြီး စပါးအသင်းကတော့ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့လို့ ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့် ၁၃ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

# ငါးလုပ်ငန်းဦးစီးဌာန၏ ငါး၊ ပုစွန်၊ ကမာ၊ ရေမျော်၊ ရေသတ္တဝါမွေးမြူရေးနှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ ကျင်းပ

မြိတ် ဇန်နဝါရီ ၁၆

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြိတ်ကော်ပိုရေးရှင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အစည်းအဝေးခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပသည့် ငါးလုပ်ငန်းဦးစီးဌာန၏ ငါးလုပ်ငန်းဆိုင်ရာ သုတေသနရန်ပုံငွေထူထောင်မှု သဘောတူစာချုပ်အရ ငါး၊ ပုစွန်၊ ကမာ၊ ရေမျော်၊ ရေသတ္တဝါမွေးမြူရေးနှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။ ဆွေးနွေးပွဲတွင် ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက တိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရေနေသတ္တဝါများ မွေးမြူဆောင်ရွက်နေမှု၊ ထုတ်လုပ်တင်ပို့နေမှု အခြေအနေများနှင့် ဈေးကွက်အခြေအနေများ၊ မွေးမြူရေးသုတေသန ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက ဆွေးနွေးပွဲ ကျင်းပရသည့် ရည်ရွယ်ချက်များ၊ ရေလုပ်ငန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှသန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် သုတေသနရန်ပုံငွေ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။






အဆိုပါ ဆွေးနွေးပွဲတွင် စာတမ်းရှင်၊ ပညာရှင်များက သုတေသနစာတမ်း ၁၄ စောင်ကို ဆွေးနွေးကြမည်ဖြစ်ကာ ပညာရှင်များ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ရေလုပ်ငန်းရှင်များ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများက တက်ရောက်အကြံပြုဆွေးနွေးကြကာ ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၆ ရက်မှ ၁၇ ရက်အထိ နှစ်ရက်ကြာဆွေးနွေးမည်ဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ရေငန်ပုစွန်မွေးမြူခြင်းကို ပြည်တွင်း၊ ပြည်ပပညာရှင်များဖြင့် ၂၂၁၇ ဒသမ ၅၆ ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခိုင်ထူး (ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် နတ်တလင်းခရိုင်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



နတ်တလင်း ဇန်နဝါရီ ၁၆

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့မွန်းလွဲပိုင်းက နတ်တလင်းခရိုင်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်ပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် နတ်တလင်းမြို့နယ် ပွတ်စုကျေးရွာအုပ်စု၌ ဆောင်းသီးနှံ မတ်ပဲ ဧက ၁၀၀ စံပြစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုနှင့် အသီးအပွင့်အားဆေး စုပေါင်းဖျန်းပက်နေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး တစ်ကွင်းတစ်ဆက်တည်း ဧကများများ တစ်မျိုးတည်းစိုက်ပျိုးခြင်းအားဖြင့် စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ဖန်တီးပေးခြင်းဖြစ်ကာ ဒေသတစ်ခု ထုတ်ကုန်တစ်ခုအဖြစ် ခိုင်မာသည့်ဈေးကွက်များရရှိလာနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကျွန်းကတုတ်ကျေးရွာ၌ မတ်ပဲမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက် ရေဆင်း(၅)၊ ရေဆင်း(၇)၊ TBL-9 စိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှုပြီး ဒေသခံတောင်သူများကိုလည်း ခေါ်ယူပြသအသိပညာပေးသွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သည့် ဒေသထွက် ကုန်စိမ်းဒိုင်နေရာဖြစ်သည့် နတ်တလင်းမြို့ အေးငြိမ်းသာဈေးသို့ ရောက်ရှိပြီး ဈေးအဆောင်များ တိုးချဲ့ဆောက်လုပ်နိုင်ရေး၊ ဈေးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးနှင့် ကုန်စိမ်းဈေးဖြစ်၍ အသီးအရွက် စွန့်ပစ်ပစ္စည်းများအား တီရစ္ဆာန်အစာနှင့် သဘာဝမြေဩဇာထုတ်လုပ်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နတ်တလင်းမြို့နယ် ကြူတောကန်ကျေးရွာအုပ်စု၌ မွေးမြူရေးလုပ်ငန်းရှင် ဦးကျော်နိုင်၏ အသားတိုးဘဲကောင်ရေ ၅၀၀၀ မွေးမြူထားရှိမှုကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ခပေါင်းဆည်ရေသောက်စနစ် နွေစပါးစိုက်ပျိုးရေ ပေးဝေနေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၁၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ်အတွင်း ခပေါင်းဆည်ရေသောက်စနစ် နွေစပါးစိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းတွင် စိုက်ပျိုးရေပေးဝေ၍ စိုက်ပျိုးလျက်ရှိသည့်အခြေအနေနှင့် ရေပေးဝေနိုင်ရေး စီမံထားရှိမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက နွေစပါး၊ နွေသီးနှံရာသီတွင် လျာထားဧကများ ပြည့်မီပြီး အောင်မြင် ဖြစ်ထွန်းသည်အထိ စိုက်ပျိုးရေအလုံအလောက်ရရှိရေး၊ သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ခပေါင်းဆည်ရေသောက်စနစ် နွေစပါးစိုက်ပျိုးရေပေးဝေနေမှုနှင့် အုတ်တွင်းမြို့နယ် ဥယျာဉ်တော်ကျေးရွာတွင် စိုက်ပျိုးအောင်မြင်လျက်ရှိသော သက်တမ်းရက်၃၀ ရှိ စူပါဆန်း (၄၁) နေကြာ ၁၆ ဧက စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ပန်းတိုင်အထွက်ရရှိရေးနှင့် နေကြာအစေ့ အဆန်ပြည့်ဝ အောင်မြင်ရေးအတွက် အထောက်အကူ ပြုစေသည့် ပျားမွေးမြူရေး၊ ပျားပုံးများကို လိုအပ်သည့်အချိန်တွင် ချထားနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဌာန တည်ဆောက်ရေး (၉) အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီး ဦးစီးမှူးများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကြံသီးနှံ စိုက်ပျိုးထုတ်လုပ်မှု နည်းပညာဆွေးနွေးပွဲနှင့် ကွင်းသရုပ်ပြပွဲ ပြုလုပ်



တောင်တွင်းကြီး ဇန်နဝါရီ ၁၆

စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲမှ မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂) စီမံကိန်းဖြင့် တောင်တွင်းကြီးမြို့နယ်ရှိ ကြံစိုက်တောင်သူများအား ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှု နည်းပညာဆွေးနွေးပွဲနှင့် ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကင်ပွန်းတောင်ကျေးရွာရှိ တောင်သူ ဦးထိန်ဝင်း၏ စံပြကွက်၌ ပြုလုပ်သည်။

## ဆွေးနွေးပြောကြား

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦးက အမှာစကားပြောကြားကာ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်က မဲခေါင် – လန်ချန်း စီမံကိန်းဖြင့် နည်းပညာဆွေးနွေးပွဲနှင့် ကွင်းသရုပ်ပြပွဲများ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး ကြံသီးနှံကျွမ်းကျင်ပညာရှင်များက ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ နည်းပညာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ တောင်တွင်းကြီးမြို့နယ် ကြံစိုက်ပျိုးသည့် ကျေးရွာအုပ်စုများမှ ကြံစိုက်တောင်သူများ စုစုပေါင်း ၇၀ ကျော် တက်ရောက်ကြပြီး ကြံသီးနှံအထောက်အကူပြုပစ္စည်းများကို ကြံစိုက်တောင်သူများအား ပေးအပ်ခဲ့သည်။

နောင်နောင် (ဗိသနိုးမြေ)

# တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် သီရိလင်္ကာသမ္မတ အန်ယူရာ ကူမာရာ ဒစ်ဆာနာရိတ်ခ်တို့ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်ပြီး တွေ့ဆုံဆွေးနွေး



**ပေကျင်း ဇန်နဝါရီ ၁၆**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် သီရိလင်္ကာသမ္မတ အန်ယူရာ ကူမာရာ ဒစ်ဆာနာရိတ်ခ်တို့သည် နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်ပြီး ပေကျင်းမြို့တော်၌ ယနေ့ တွေ့ဆုံဆွေးနွေးကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့်ပိုးလမ်းမ ပဏာမ ခြေလှမ်းမှတစ်ဆင့် ကြီးမားသော စီးပွားရေးဇုန်တစ်ခု တည်ထောင်ရန်ရည်ရွယ်ပြီး စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်ရန် ခေါင်းဆောင်နှစ်ဦးက သဘောတူညီကြောင်း သိရသည်။

သီရိလင်္ကာသမ္မတ အန်ယူရာ ကူမာရာ ဒစ်ဆာ နာရိတ်ခ်သည် စက်တင်ဘာလတွင် သမ္မတ တာဝန် ကို စတင်ထမ်းဆောင်ပြီး ယခုတရုတ်နိုင်ငံခရီးစဉ် မတိုင်မီ ဒီဇင်ဘာလတွင် အိန္ဒိယနိုင်ငံသို့ သွားရောက် ခဲ့သည်။

သီရိလင်္ကာနိုင်ငံ၏ အမျိုးသားလွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုကို ထိန်းသိမ်းရာတွင် တရုတ်နိုင်ငံက သီရိလင်္ကာနိုင်ငံကို ဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်း တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

**ပြောကြား**

သီရိလင်္ကာနိုင်ငံနှင့် လိုက်လျောညီထွေရှိသည့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို ရှာဖွေရာတွင် ပေကျင်းက ထောက်ခံကြောင်း သမ္မတ ရှီကျင့်ဖျင်က ပြောကြားသည်။

သီရိလင်္ကာနိုင်ငံသည် ၎င်း၏ စီးပွားရေးမူဝါဒ အားနည်းမှုများကြောင့် နိုင်ငံခြားကြွေးမြီအခက် အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်။

သို့သော် အာရှနှင့် အရှေ့အလယ်ပိုင်းကို ဆက်သွယ်ထားသည့် ပင်လယ်လမ်းကြောင်းရှိသည့် အတွက် မဟာဗျူဟာမြောက် အရေးပါသည့်နိုင်ငံဖြစ် သည်။

သီရိလင်္ကာသမ္မတ အန်ယူရာ ကူမာရာ ဒစ်ဆာ နာရိတ်ခ်သည် အိန္ဒိယနှင့် တရုတ်နှစ်နိုင်ငံစလုံးနှင့် သံတမန်ဆက်ဆံရေး ခိုင်မာစေခြင်းဖြင့် နှစ်နိုင်ငံ စလုံးထံမှ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ရရှိ ရန် မျှော်လင့်လျက်ရှိကြောင်း နိုင်ငံရေးလေ့လာသူများ က ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့အကြား အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများပြန်လည်လွှတ်ပေးရေးတို့အတွက် သဘောတူညီချက်ရရှိခဲ့

**ဂျေရုဆလင် ဇန်နဝါရီ ၁၆**

အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့အကြား အပစ် အခတ်ရပ်စဲရေးနှင့် ဓားစာခံများပြန်လည်လွှတ်ပေး ရေးတို့အတွက် ယမန်နေ့ညက သဘောတူညီချက် ရရှိခဲ့ကြောင်း ကာတာနိုင်ငံဝန်ကြီးချုပ် ရှိတ်မိုဟာမက် ဗင်အဗ္ဗဒူယာမန်က ပြောကြားသည်။

အပစ်အခတ်ရပ်စဲရေး ပဏာမအဆင့်သည် ၄၂ ရက်ကြာမည်ဖြစ်ပြီး ၎င်းကာလတွင် ဂါဇာဒေသ မှ အစ္စရေးတပ်ဖွဲ့များဆုတ်ခွာမည်ဖြစ်ကာ ဂါဇာ ဒေသသို့ ဒေသခံများပြန်လည်အခြေချခွင့်ရရှိမည် ဖြစ်သည်။ လက်ရှိအချိန်တွင် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးပစ္စည်းများ တင်ဆောင်ထားသည့် ထရပ်ကားများ ဂါဇာဒေသသို့ နေ့စဉ်ဝင်ရောက်နေပြီး ၎င်းကားများတွင် လောင်စာ ဆီများတင်ဆောင်လာသည်ကို တွေ့ရှိရသည်။ လက်ရှိ ဆောင်ရွက်မည့်အပစ်အခတ်ရပ်စဲရေးကို ဇန်နဝါရီ ၁၉ ရက်တွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး ပထမအဆင့် အနေဖြင့် ဟားမတ်စ်အဖွဲ့က ဓားစာခံ ၃၃ ဦးကိုလွှတ်ပေး မည်ဖြစ်ကာ အစ္စရေးကလည်း ပါလက်စတိုင်း အကျဉ်းသားများကို လွှတ်ပေးရမည်ဖြစ်သည်။ ၎င်းအပစ်အခတ်ရပ်စဲရေးကို အပိုင်းလိုက် အောင်မြင်စွာ ဆောင်ရွက်ခြင်းရှိ၊ မရှိ စောင့်ကြည့်မည်ဟု ညှိနှိုင်း ဆောင်ရွက်သည့်နိုင်ငံများဖြစ်သည့် ကာတာ၊ အီဂျစ် နှင့်အမေရိကန်နိုင်ငံများကပြောကြားသည်။

ယခုကဲ့သို့ အပစ်အခတ်ရပ်စဲရေးဆောင်ရွက် ခဲ့ခြင်းအပေါ် ကြိုဆိုကြောင်း ကုလသမဂ္ဂ အတွင်းရေး မှူးချုပ် ဂူတာရပ်စ်နှင့် ကမ္ဘာ့နိုင်ငံခေါင်းဆောင်များက ပြောကြားသည်။ ရာဖာနယ်စပ်ဖြတ်ကျော်စခန်းကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ များပေးအပ်ရေးအတွက် ပြန်လည်ဖွင့်လှစ်မည်ဟု သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# အိန္ဒိယနိုင်ငံမှ လွှတ်တင်ခဲ့သည့် ဂြိုဟ်တုများ အာကာသထဲအောင်မြင်စွာရောက်ရှိ

**နယူးဒေလီ ဇန်နဝါရီ ၁၆**

အိန္ဒိယနိုင်ငံမှ လွှတ်တင်ခဲ့သည့် ဂြိုဟ်တုနှစ်စင်း သည် အာကာသထဲသို့ ယမန်နေ့တွင် အောင်မြင်စွာ ရောက်ရှိခဲ့ကြောင်း အိန္ဒိယအာကာသသုတေသန အဖွဲ့က လူမှုမီဒီယာ အိပ်စ်တွင် ပြောကြားသည်။

အာကာသထဲတွင် ၎င်းဂြိုဟ်တုများ အောင်မြင် စွာရောက်ရှိရေးအတွက် ပြီးခဲ့သည့်သီတင်းပတ် အတွင်း ကြိုးပမ်းခဲ့သော်လည်း အချည်းနှီးဖြစ်ခဲ့ရပြီး ယခုအကြိမ်တွင် အောင်မြင်ခဲ့ခြင်းဖြစ်သည်။ ၎င်း ဂြိုဟ်တုများ အာကာသထဲတွင် အောင်မြင်စွာ ရောက်ရှိခဲ့ကြောင်းနှင့် ၎င်းဂြိုဟ်တုများ၏ လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရန်အတွက် လာမည့်ရက်များအတွင်း စစ်ဆေးဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ အာကာသထဲတွင် နိုင်ငံ၏ဂြိုဟ်တု များ အောင်မြင်စွာရောက်ရှိစေရေး ဆောင်ရွက် ခဲ့ခြင်းအတွက် သိပ္ပံပညာရှင်များအား ဂုဏ်ပြုကြောင်း ဝန်ကြီးချုပ်မိုဒီက ပြောကြားသည်။

ယခုဆောင်ရွက်ချက်သည် အိန္ဒိယနိုင်ငံ၏ လာမည့်နှစ်များအတွက် ဆောင်ရွက်မည့် အာကာသ ဆိုင်ရာ မစ်ရှင်များအတွက် ခြေလှမ်းတစ်ရပ်ဖြစ် ကြောင်း ၎င်းက ပြောကြားသည်။ ရုရှား၊ တရုတ်နှင့် အမေရိကန်နိုင်ငံများ၏ဂြိုဟ်တုများ အာကာသထဲတွင် ရောက်ရှိခဲ့ပြီးနောက် အိန္ဒိယနိုင်ငံသည် အာကာသထဲ သို့ ဂြိုဟ်တုလွှတ်တင်ခဲ့သည့် လေးခုမြောက်နိုင်ငံဖြစ် သည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**




# အင်ဒိုနီးရှားနိုင်ငံ၌ ဆိုရှယ်မီဒီယာအသုံးပြုသည့် အသက်အရွယ် ကန့်သတ်ရန် စီစဉ်လျက်ရှိ

**ဂျကာတာ ဇန်နဝါရီ ၁၆**

အင်ဒိုနီးရှားနိုင်ငံ၌ ဆိုရှယ်မီဒီယာအသုံးပြုသည့် အသက်အရွယ် ကန့်သတ်ရန်နှင့် အခြားသောလူမှုကွန်ရက်ဆိုင်ရာ အစီအမံများကိုလည်း



ချမှတ်ရန်စီစဉ်လျက်ရှိကြောင်း အင်ဒိုနီးရှားဆက်သွယ်ရေးနှင့် ဒစ်ဂျစ်တယ်ဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီရန်တိုနှင့် အင်ဒိုနီးရှား ဆက်သွယ်ရေးနှင့် ဒစ်ဂျစ်တယ်ဝန်ကြီး မီယူယာတို့သည် အဆိုပါအစီအစဉ်နှင့် ပတ်သက်ပြီး ဇန်နဝါရီ ၁၃ ရက်တွင် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ပိုမိုအားကောင်းသည့် အွန်လိုင်းအသုံးပြုမှုဆိုင်ရာ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးအစီအမံများကို ရေးဆွဲလျက်ရှိစဉ် အသက် မပြည့်သေးသူများအား ဆိုရှယ်မီဒီယာအသုံးပြုခွင့်ကို တားမြစ်သည့် စည်းမျဉ်းတစ်ခုကို အရင်ဆုံးပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း ဝန်ကြီး မီယူယာက ပြောကြားသည်။

အသေးစိတ်အချက်အလက်များကို အစိုးရအဖွဲ့နှင့် ဆက်လက် ဆွေးနွေးသွားမည်ဖြစ်ပြီး ယင်းအစီအစဉ်များနှင့်ပတ်သက်ပြီး ပြည်သူ များက ကြိုဆိုလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

ဆိုရှယ်မီဒီယာကုမ္ပဏီများသည် အသုံးပြုသူ၏အသက်အရွယ်နှင့် ကိုက်ညီမှုရှိစေရန် ကန့်သတ်ထားခြင်းမရှိဘဲ အမြဲတမ်းလွတ်လပ်မှုကို ပေးသည့်အတွက် ကလေးများအတွက် ကောင်းကျိုးသာမက ဆိုးကျိုး များကိုလည်း ရရှိစေနိုင်ကြောင်း မိခင်တစ်ဦးက ပြောကြားသည်။

နိုင်ငံအတွင်း၌ အသက် ၁၂ နှစ်အောက်ကလေးများ၏ ၅၀ ရာခိုင် နှုန်းနီးပါးသည် အွန်လိုင်းအသုံးပြုခွင့်ရှိနေကြောင်း အင်ဒိုနီးရှားနိုင်ငံ၏ အင်တာနက်ဝန်ဆောင်မှုပေးသူအသင်းက ပြောကြားသည်။

ဩစတြေးလျလွှတ်တော်အမတ်များသည် အသက် ၁၆ နှစ်အောက် ကလေးများကို စိတ်ပိုင်းဆိုင်ရာထိခိုက်မှုမှ ကာကွယ်ရန်အတွက် ဆိုရှယ်မီဒီယာအသုံးပြုခြင်းကိုတားမြစ်သည့် ဥပဒေကြမ်းကို နိုဝင်ဘာ လတွင် အတည်ပြုခဲ့သည်။

ဩစတြေးလျနိုင်ငံတွင်လည်း ကလေးများ၏ အွန်လိုင်းအသုံးပြုခွင့် ကို ကန့်သတ်ရန် တားမြစ်သည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းထားကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Lady Swe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁) ရပ်ကွက်နေ ဆွေဆွေသက်အား မွန်းလွဲ ၃ နာရီ မိနစ် ၄၀ တွင် လှိုင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒီးမော့ဆိုမြို့ အရှေ့ခြမ်းကို လေကြောင်းဖြင့်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြည်သူ သုံးဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိကြောင်း သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ကယားပြည်နယ် ဒီးမော့ဆိုမြို့ အရှေ့ခြမ်းကို လေကြောင်းဖြင့် ပစ်ခတ် တိုက်ခိုက်မှုကြောင့် ပြည်သူ သုံးဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိကြောင်း မဟုတ်မမှန် သတင်းများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များအား စုံစမ်းမေးမြန်းချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ လျှို့ဝှက်သတင်းပေးပို့မှုအရ အကြမ်းဖက်မှု ပပျောက်စေရေးအတွက် အကြမ်းဖက်သမားများ တရားမဝင် ခိုအောင်း နေထိုင်လျက်ရှိသည့် နေရာများကို နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ရေးပစ်မှတ်မဟုတ်သည့် အရပ်ဘက်ပစ်မှတ်များကို ပစ်ခတ် တိုက်ခိုက်ခြင်း မရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အား ထောက်ခံအားပေးခြင်းမရှိသည့် နယ်မြေများအား မီးရှို့ဖျက်ဆီးခြင်း၊ ဥပဒေမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို ပြည်သူများ အသိပင်ဖြစ်ကြောင်း၊ အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်မှား၊ အမြင်မှားဖြစ်စေရန် လူမှုကွန်ရက်မှတစ်ဆင့် သတင်းအမှားများကို လုပ်ကြံရေးသားဖြန့်ဝေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေကြည်မြို့နယ်၌ တစ်အိမ်တက်ဆင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စစ်ဆေး

**ရေကြည် ဇန်နဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် မီးသတ်ဦးစီးဌာနမှ ယနေ့နံနက် ၉ နာရီတွင် ဆရာစံရပ်ကွက်သို့ သွားရောက်၍ တစ်အိမ်တက်ဆင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ



ကွင်းဆင်းစစ်ဆေးသည်။

ယင်းသို့ စစ်ဆေးဆောင်ရွက်ရာတွင် ရေကြည်မြို့နယ်မီးသတ်စခန်းမှ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးစိုးနိုင် ဦးဆောင်သော တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး အသုံးပြုပုံများနှင့် မီးသတ်ဆေးဘူးများ အရေးပေါ်သုံးစွဲနိုင်မှု သက်တမ်းရှိ/ မရှိ စစ်ဆေးခြင်း၊ ဝိုင်ယာကြိုးများမှတစ်ဆင့် မီးလောင်မှုမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရမည့်အချက်များကို ရှင်းလင်းခြင်း၊ မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ မီးချိတ်မီးကပ်များထားရှိမှု ရှိ၊ မရှိစစ်ဆေးခြင်း၊ မီးပေါ့ဆမှုမရှိစေရန် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းများနှင့် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရမည့်အချက်အလက်များကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သာပေါင်းမြို့နယ်အဆင့် အခြေခံရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်လှစ်သင်ကြားနေမှု ကြည့်ရှုအားပေး

**သာပေါင်း ဇန်နဝါရီ ၁၆**

ဧရာဝတီတိုင်း ဒေသကြီး သာပေါင်းမြို့နယ်အဆင့် အခြေခံရှာဖွေကယ်ဆယ်ရေး သင်တန်း အမှတ်စဉ် (၁/၂၀၂၅) ဖွင့်လှစ်သင်ကြားနေမှုကို ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်က ကြည့်ရှုအားပေးသည်။

သင်တန်းတွင် အခြေခံအသက်ကယ်ကြိုးချည်နည်းများ၊ ကြိုးတက်၊ ကြိုးဆင်းသင်ခန်းစာ၊ ရှဉ့်ကူး၊ မျောက်ကူး၊ ပက်လက်ကူးသင်ခန်းစာ၊ ရေတွင်းအသက်ကယ်သင်ခန်းစာ၊ ရေပြင်အသက်ကယ်သင်ခန်းစာ၊ B.A Set သင်ခန်းစာများကို ဇန်နဝါရီ ၃၁ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါ ဖြစ်သည်ဆိုသည့်အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကား ဆန့်ကျင်သည့်လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

■

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

**၁၇-၁-၂၀၂၅ သောကြာနေ့**

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တောရှ်္ဂသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၀ | စောစောအိပ်လို့စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့ |
| ၀၉:၁၀ | လူမှုဘဝထဲကကော်ဖီ |
| ၀၉:၃၅ | Soccer View |
| ၁၀:၃၅ | လူမှုစီးပွားသတင်းများ |
| ၁၂:၃၅ | မြန်မာဇာတ်လမ်းတွဲ 'ရတနာပုံ' (အပိုင်း-၁၁) |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အလင်းဝမ်းသူများ' (အပိုင်း-၄) |
| ၁၄:၄၅ | မျိုးဂုဏ်တင့်စေဆိုကရေးတီးအငွေ့ |
| ၁၅:၂၀ | လူငယ်ရေးရာအစီအစဉ် |
| ၁၆:၄၀ | မျိုးဂုဏ်တင့်စေဆိုကရေးတီးအငွေ့ |
| ၁၇:၁၀ | အိုဘယ့်စတော်ဘယ်ရီ |
| ၁၇:၂၅ | Weekly Sports Info |
| ၁၈:၃၅ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၁၈:၄၅ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၉:၁၅ | မြန်မာဇာတ်လမ်းတွဲ 'ရတနာပုံ' (အပိုင်း-၁၃) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | 'ငအောက်ချင်းငှက်သစ္စာ' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |
| ၂၂:၁၅ | ရုပ်မြင်သံကြားဇာတ်လမ်း |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Metta Inngyin Yagon (Sein Lei Lei) |
| 07:11 | Pauk Thit Basketry Village |
| 07:30 | Myanmar Masterclass: Min Wae Aung |
| 07:45 | The ASEAN Awards Winning Entrepreneur |
| 08:01 | News |
| 08:26 | Global Updates; Protecting the planet against desertification |
| 08:35 | Yay Pyan Taung Waterfall |
| 09:01 | Preserving and Teaching Myanmar Cultural Arts (Painting & Sculpture, Dance & Music (Epi-2) |
| 09:28 | Pork - Tha Khut Curry |
| 09:38 | Myanmar Traditional Brass Embossed Painting |
| 10:01 | News |
| 10:26 | Lifestyle & Entertainment (Weekly Updates) |
| 10:35 | Topical Topics: Phaung Daw Oo Pagoda (Inn Lay) |

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ကချင်ခေါင်ရည်(စပီ)ပြုလုပ်ပုံ

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ရှန်းကန်လှုပ်ရှားရေးသည်ဘဝ

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကွမ်းသီးလုပ်ငန်း

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
သဘာဝမိကျောင်းများပျော်စံရာမိန်းမလှကျွန်း

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ပန်းလိုမွှေး၍စွမ်းသည့်ဆေး

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ငါးရံ့သရက်သီးချက်

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
အနာဂတ်ရဲ့အိပ်မက်ခရီးရှည်

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
မောတို့ဌာနေမြို့ညောင်ရွှေနှင့်အင်းလေးအလှ

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဘာသာစကားပြောကြရအောင် (အစားအသောက်ဆိုင်ရာအခေါ်အဝေါ်များ)

**ချင်း (လိုင်ဇို) (၂၁:၀၀ မှ ၂၂:၀၀)**
'ငအောက်ချင်းငှက်သစ္စာ' တေးဂီတဖျော်ဖြေပွဲထုတ်လွှင့်မှု

**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
'ငအောက်ချင်းငှက်သစ္စာ' တေးဂီတဖျော်ဖြေပွဲထုတ်လွှင့်မှု

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၀:၄၅ | Soccer View |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၉:၄၅ | Football Highlihgts |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၂၀:၄၅ | ရသစုံစွာ၌မြေကမ္ဘာ |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ရုရှားနိုင်ငံ' |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အကျိုးပျက်ဆီးမှုအကြောင်း သိမှတ်ဖွယ်ရာ ဥပဒေမှာ' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'စစ်မှုထမ်းဥပဒေမကျင့်သုံးသေးတဲ့ နိုင်ငံများအကြောင်း' |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'အာဖရိကနိုင်ငံ' (အပိုင်း-၂) |
| ၁၁:၃၀ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၄၃) |

### MRTV FARMERS' / HTV Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၁၅ | မျိုးကောင်းမျိုးသန့်စိုက်ပျိုး အထွက်တိုးမယ့်ရွှေနေကြာ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၂၀ | Pickling Seasonal Vegetables in a 200 Liter Wooden Barrel |
| ၁၉:၁၅ | 200 Futuristic Agriculture Machines That are Next Level |
| ၁၉:၄၅ | International Music Hits |
| ၂၀:၀၀ | ချွန်စက်(ဇာတ်လမ်း) |
| ၂၂:၀၀ | Puss In Boots The Last Wish |

### MRTV SPORTS / HTV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက် လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary |
| ၀၇:၀၀ | အားကစားသတင်း |
| ၀၇:၄၀ | Soccer View |
| ၂၀:၀၀ | မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု (Dagon Port FC Vs Mahar United FC) |

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

❂ ကျောဖုံးမှ

ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းကို မန်းရွှေစက်တော်ဘုရားကြီးအနီး ပဒေါင်း–ပျော်ဘွယ် ကြိုးပြင်ကာကွယ်တောအတွင်း၌ သဘာဝတောတောင် ရေမြေနှင့် စိမ်းစိုသာယာလှပသော သဘာဝရှုခင်းအလှများကိုအခြေခံ၍ မြန်မာ့သစ်လုပ်ငန်း၊ မင်းဘူးသစ်ထုတ်ရေးဒေသ၊ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြု ခရီးသွားလုပ်ငန်းက ပြည်တွင်း/ပြည်ပ ခရီးသွားများအား ဆွဲဆောင်နိုင်စေရန်၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်နှင့် အစိမ်းရောင်စီးပွားရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ထားကြောင်း၊ ယခုနှစ် မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဖေဖော်ဝါရီ ၂ ရက်မှ ဧပြီ ၁၇ ရက်အထိ (တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ)ရက်ပေါင်း ၇၅ ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### ကြိုတင်ပြင်ဆင်ဆောင်ရွက်

"ဆင်စခန်းကိုတော့ အခုလက်ရှိမှာလည်း အဆက်မပြတ်ဖွင့်လှစ်ထားပြီးတော့ လာရောက်အပန်းဖြေလည်ပတ်တဲ့သူတွေကို ခရီးသွားဝန်ဆောင်မှုလုပ်ငန်းအားလုံး ဆောင်ရွက်ပေးနိုင်ဖို့၊ ခရီးတို ဆင်စီးရင်း တောတောင်ရေမြေနဲ့ စိမ်းစိုသာယာလှပတဲ့ သဘာဝရှုခင်းအလှတွေကို ကြည့်ရှုခံစားနိုင်စေဖို့နဲ့ မန်းချောင်းဘေး ဆင်တွေနဲ့အတူ ရေချိုးရင်း အပန်းဖြေအနားယူနိုင်စေဖို့အတွက် ယာယီတဲတား၊ တည်းကျောင်းနဲ့ အလှဆင်တာတွေကို ကြိုတင်ပြင်ဆင် ဆောင်ရွက်နေပါတယ်။ ဒီနှစ်မှာ



ဆင်စခန်းကို အဆင့်မြှင့်တင်မှုလုပ်ငန်းအနေနဲ့(Elephant Show) ပွဲကြည့်စင်အသစ်တစ်ဆောင်ကို မန်းချောင်းအတွင်း ထပ်မံတိုးချဲ့ဆောက်လုပ်ထားပြီးတော့ ဒီနှစ်မှာလည်း ဆင်လိမ္မာလေးတွေနဲ့ အတူ ထူးခြားတဲ့ ဖျော်ဖြေတင်ဆက်မှုတွေ လုပ်ဆောင်သွားမှာပါ။ ဒါအပြင် VIP တည်းခိုဆောင်သစ် နှစ်လုံးကိုလည်း ထပ်မံတိုးချဲ့ဆောက်လုပ်ထားပြီးတော့ ဆင်စခန်းကို လာရောက်လည်ပတ်သူတွေ သွားလာရေး လွယ်ကူချောမွေ့အဆင်ပြေစေဖို့ ဆင်စခန်းအဝင်လမ်းကို တိုးချဲ့ပြုပြင်ပြီး ကွန်ကရစ်လမ်းအဖြစ် ပေ ၁၉၀၀ အထိ ဆောင်ရွက်ထားပါတယ်"ဟု ဆင်စခန်းတာဝန်ခံက ပြောသည်။



### ဆင်စာများ ဝယ်ယူကျွေးမွေးလှူဒါန်းနိုင်

အဆိုပါဆင်စခန်းကို ဖွင့်လှစ်ချိန်အဖြစ် နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၆ နာရီချိန်အထိ သတ်မှတ်ထားကာ ဆင်စခန်းရှိ တည်းခိုဆောင်များ၌ ညအိပ်တည်းခိုနားနေနိုင်ကြောင်း၊ ဆင်စခန်းတွင် ဆင်ထီး ငါးကောင်၊ ဆင်မ ရှစ်ကောင် စုစုပေါင်း ဆင် ၁၃ ကောင်ရှိပြီး ဆင်စာဘူဖေးကို မိမိတို့ တတ်နိုင်သောနှုန်းထားဖြင့် ဆင်စာများ ဝယ်ယူကျွေးမွေးလှူဒါန်းနိုင်ကြောင်း သိရသည်။

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်း အပါအဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာန ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြုခရီးသွားလုပ်ငန်း (Elephant Conservation Based Tourism–ECBT) စခန်း ၂၂ ခုကို ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# ပုပ္ပါးတောင် ဘေးမဲ့တောဥယျာဉ်တွင် အပန်းဖြေရင်း ရွှေသမင်များ လာရောက်ကြည့်ရှုလေ့လာနိုင်

**ညောင်ဦး ဇန်နဝါရီ ၁၆**

မန္တလေး တိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ ပုပ္ပါးတောင် ပရဆေးဥယျာဉ်အနီး ရွှေသမင်ဘေးမဲ့တောဥယျာဉ်တွင် ရွှေသမင်များ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

အဆိုပါ ရွှေသမင်ဘေးမဲ့တောဥယျာဉ်ကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနက ထိန်းသိမ်း ကာကွယ်ခြင်းများ ဆောင်ရွက်နေသည်။ ၁၇ ဧကခန့် ကျယ်ဝန်းသည့် စန္ဒကူးတောနှင့် ရွှေသမင်များ၊ ဆတ်များ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

စန္ဒကူးပင်များကို ၁၉၅၇–၁၉၅၈ ခုနှစ်တွင် သစ်တောမင်းကြီးဟောင်း ဦးစုက ပေ ၂၀ ခြား အကွာအဝေးဖြင့် ၂၅ ပင်စိုက်ပျိုးခဲ့ကြောင်း၊ ထိုစန္ဒကူးပင်များမှ အသီးများကို ငှက်များကစားသုံး၍ မစင်စွန့်ပစ်ရာမှ အပင်ငယ်လေးများပေါက်လာပြီး ယနေ့မြင်တွေ့ရသော စန္ဒကူးတော ပေါ်ပေါက်လာကြောင်း၊ မြန်မာ့ရွှေသမင်များအား စန္ဒကူးတောအတွင်း ထိန်းသိမ်းထားရှိကြောင်း သိရသည်။

မြန်မာ့ရွှေသမင်များ ထားရှိရာ စန္ဒကူးတောသို့ ပုပ္ပါးကျေးရွာမှ တောင်ကလပ်သို့ သွားရာလမ်း ပုပ္ပါးတောင်ဥယျာဉ် အဝင်ဝမှ စတင်ဝင်ရောက်နိုင်ပြီး ပရဆေးဥယျာဉ်အနီးတွင် တည်ရှိကာ သဘာဝအတိုင်းတည်ရှိနေသော နွယ်ကြိုးပင်များ၊ စန္ဒကူးပင်များနှင့် နေပြောက်မထိုးနိုင်လောက်အောင် လူတို့ ဖန်တီးထားသလား ထင်မှတ်လောက်အောင် တောတောင် သဘာဝအလှများဖြင့် ရှုမငြီးဖွယ် မြင်တွေ့နိုင်သည်။

ဘေးမဲ့တော ဥယျာဉ်ထဲတွင် ရွှေသမင်အမ ၁၁ ကောင်၊ အထီးလေးကောင်နှင့် ဆတ် အထီးတစ်ကောင်နှင့် အမလေးကောင်ရှိပြီး ရွှေသမင်များနှင့် ဓာတ်ပုံရိုက်ကူးနိုင်ကာ ကြီးမားသော နွယ်ကြိုးကြီးများပေါ်တွင် သဘာဝအတိုင်း ဒန်းစီးနိုင်ခြင်းနှင့် မိသားစုလိုက်သော် လည်းကောင်း၊ သူငယ်ချင်းများနှင့်သော် လည်းကောင်း အပန်းဖြေ လာရောက်လည်ပတ်နိုင်ကြောင်း သိရသည်။

ပုပ္ပါးတောင် ဘေးမဲ့တောဥယျာဉ်သည် ၁၇ ဧက အကျယ်အဝန်းရှိပြီး ရွှေသမင်များအား အစားအစာများ ကျွေးမွေးလှူဒါန်းလိုပါက ပုပ္ပါးတောင်ဥယျာဉ်အုပ်ချုပ်ရေးမှူးထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဒီပါလင်း**



# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၈ –၁–၂၀၂၅ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၇) အမှတ်(၃)တွင် မေတ္တာတရားဆိုသည်မှာ လူများတွင်သာမဟုတ်ဘဲ တိရစ္ဆာန်များမှာပါ ရှိသည့်အကြောင်းကို သရုပ်ဖော်ထားသည့် "မေတ္တာတရား"မျက်နှာဖုံးဇာတ်လမ်း၊ လူတိုင်းလိုက်နာသင့်သည့် ကျန်းမာခြင်းအကြောင်းတရားလေးပါးအကြောင်း ဗဟုသုတရရှိစေရန် ရေးသားထားသည့် "အသက်ရှည်ရာ အနာမဲ့ကြောင်း"သုတကဏ္ဍ၊ လေကို အပြစ်တင်မိသည့် ငှက်ကလေးအကြောင်း သရုပ်ဖော်ထားသည့် "ငှက်ကလေး"နှစ်မျက်နှာကာတွန်း၊ လူတိုင်းတွင် စိတ်ဓာတ်ကောင်း၊ ခံယူချက်ကောင်းများ ရှိသင့်သည်ကိုတွေးမိသည့်ထွန်းတောက်အကြောင်း ရေးသားထားသည့် "လူ့မနော"ဝတ္ထုကဏ္ဍ၊ ဆရာမမေးသည့်ဝါကျကို သူ၏ဟာသဉာဏ်ဖြင့် ပြန်လည်ဖြေဆိုသည့် ပန်ပန်အကြောင်း တင်ဆက်ထားသည့် "ပန်ပန်၏ ကျင်၊ ကြင် ကျဉ်နှင့် ကြဉ်"တစ်မျက်နှာကာတွန်း၊ ပိုက်ဆံအိတ်သူခိုးကို ဖမ်းပေးသည့် ဖြိုးရဲတို့ သူငယ်ချင်းများအကြောင်းကို သရုပ်ဖော်ထားသည့် "ဖြိုးရဲ–လေ့လာစူးစမ်း" နှစ်မျက်နှာ ကာတွန်း၊ မြေခွေး၏ ကောက်ကျစ်သည့်အကြံမှ ရှောင်ရှားနိုင်ခဲ့သည့် သမင်လေးအကြောင်း သရုပ်ဖော်ထားသည့် "သိနေတယ်" နှစ်မျက်နှာကာတွန်း၊ မိမိ၏ဉာဏ်ဖြင့် ဆင်ခြင်ကြံဆ၍ ကြိုးစားလျှင် အောင်မြင်မှုများရရှိနိုင်ပြီး မိမိကိုယ်ကိုသာ အားကိုးသင့်ကြောင်း "မိမိကိုယ်သာ အားကိုးရာ"ကဗျာ ကဏ္ဍ၊ ပေါ်တောလေးက 'ဗဟုသုတ' ၏ အနက်အဓိပ္ပာယ်ကို ရှင်းပြပုံအား သရုပ်ဖော်ထားသည့် "ပေါ်တောလေး"မျက်နှာဝက်ကာတွန်း၊ သုတကဏ္ဍ၊ အင်္ဂလိပ်စာ သင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍနှင့် ပုံပြင်ကဏ္ဍအပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



## ကျိုင်းတုံမြို့ရှိ မြို့ကျက်သရေဂုဏ်ဆောင် သမိုင်းဝင်စွန်ခမ်းစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်း စတင်ကပ်လှူပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျိုင်းတုံမြို့ရှိ မြို့ကျက်သရေဂုဏ်ဆောင် သမိုင်းဝင်စွန်ခမ်းစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်း စတင်ကပ်လှူပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၌ ကျင်းပရာ စွန်ခမ်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥတ္တမစိတ္တ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက သမိုင်းဝင်စွန်ခမ်းစေတီတော်အတွင်းရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေဆိုင်းများ ကပ်လှူပူဇော်ကြသည်။ ထို့နောက် စွန်ခမ်းကျောင်းတိုက်ဆရာတော်နှင့် သံဃာတော်များ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဂေါပကအဖွဲ့များက စွန်ခမ်းစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းတော်များ စတင်ကပ်လှူပူဇော်ကြသည်။

အဆိုပါ စွန်ခမ်းစေတီတော်မြတ်ကြီး ရွှေသင်္ကန်းတော်ကပ်လှူနိုင်ရေးအတွက် လုပ်ငန်းများကို ၂၀၂၄ ခုနှစ်အောက်တိုဘာ ၂၈ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့မှ ဇန်နဝါရီ ၃၁ ရက်အထိ ရွှေသင်္ကန်းတော်များ အပြီးသတ် ကပ်လှူပူဇော်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ဂန့်ဂေါမြို့ ဇမ္ဗူ့ထိပ်ခေါင် ရန်မျိုးအောင် မြတ်စွာဘုရားစာကြည့်တိုက်အတွက် ဂန့်ဂေါမြို့နယ် ရှုံးရှီရွာမှ ဦးတင်ထွန်း (အလပြ – ငြိမ်း)က စာအုပ်မျိုးစုံ ၃၀ ကို ဇန်နဝါရီ ၁၅ ရက်က ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရာတင်က လက်ခံရယူ၍ ကျေးဇူးတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။

စိန်ကျော်

## နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း ခရီးသွားနေရာဖော်ဆောင်ရေး သားခိုတောင်တော်မြတ်အား စစ်ဆေး

တပ်ကုန်း ဇန်နဝါရီ ၁၆

နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းသည်ပြည်ထောင်စုနယ်မြေ နေပြည်တော် ဟိုတယ်နှင့် ခရီးသွားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရဲမြင့်ကျော်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အုန်းပင်ကျေးရွာအနီး ခရီးသွားနေရာအဖြစ် ဖော်ဆောင်ထားသည့် သားခိုတောင်တော်မြတ်နေရာတွင် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ဖောက်လုပ်ထားသည့် တောင်တက်လမ်းအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သားခိုတောင် မဟာအတုလလောကရန်အောင်ဆုတောင်းပြည့် စေတီတော် ဘုရားဂေါပကအဖွဲ့နှင့် တွေ့ဆုံ၍ ဘုရားပရိဝုဏ်အတွင်း ဘုရားဖူးဧည့်သည်များ စိတ်လက်ချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရေး၊ သန့်ရှင်း သာယာလှပစေရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ အများပြည်သူ ဘုရားဖူးဧည့်သည်များ အသုံးပြုနိုင်ရန် ဆောက်လုပ်ထားသော အများသုံးသန့်စင်ခန်းနေရာများ စနစ်တကျရှိစေရေး ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

**တွေ့ဆုံ**

ဆက်လက်၍ မွန်းလွဲပိုင်းတွင် နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းသည် ဥတ္တရသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ပိုတက်ကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာတွင် ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နေပြည်တော်ကောင်စီဝင်က စိုက်ပျိုးရေးလုပ်ငန်းများကို ပြည့်ပြည့်ဝဝဆောင်ရွက်နိုင်ပါက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍကို အပြည့်အဝ အကောင်အထည်ဖော်နိုင်မှသာ ပြည်တွင်းစားနပ်ရိက္ခာပေါ်များလာမည့်အပြင် ပိုလျှံစွာထွက်ရှိလာသည့် ထုတ်ကုန်များမှ ပြည်ပပို့ကုန်များရရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အခြေခံသည့် ပြည်ပဝင်ငွေများ ရရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့ကာ တက်ရောက်လာသည့် ဒေသခံပြည်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် သက်ဆိုင်ရာကဏ္ဍများအလိုက် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်က ဒေသခံတောင်သူများအား နိုင်ငံတော်မှ ပေးအပ်သော ဓာတ်မြေဩဇာနှင့် (စူပါတင့်) ရွက်ဖျန်းမြေဩဇာ အရည်ဘူးများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**



**တိုင်းပြည် သာယာဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

## အောက်ချင်းငှက်သစ္စာ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇန်နဝါရီ ၁၆

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နာမည်ရ တိုင်းရင်းသားတေးသံရှင်များက ပွဲစဉ်ခုနစ်ပွဲဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်အထိ အပတ်စဉ်သောကြာနေ့ညတိုင်း ဖျော်ဖြေတင်ဆက်လျက်ရှိရာ ပွဲစဉ်(၄)ဖြစ်သည့် "အောက်ချင်းငှက်သစ္စာ"တေးဂီတဖျော်ဖြေပွဲကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက်(သောကြာနေ့) ည ၉ နာရီခန့်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည် ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ချင်းတိုင်းရင်းသား တိုင်းရင်းသူ တေးသံရှင်များဖြစ်ကြသည့် F သားငယ်၊ ဆလိုင်းလျန်လျန်၊ ဆလိုင်းတိမောသေ၊ မိုင်ဆူဆန်၊ ဗန်အေးမွေး၊ ညောင်ရှန်ပိုင်း၊ မြင့်မြတ်သူ၊ မိုင်ဆုလဒ်ရတနာ၊ မိုင်မေရီဆုန်းသဲနှင့် ဗန်နိုင်ကိမ်း တို့က ကဗျာဆန်ဆန် သာယာလှပသည့် ချင်းပြည်နယ် ချင်းတောင်တန်း၏ သင်္ကေတဖြစ်သော တောင်ဇလပ်ပန်း၊ ချင်းတိုင်းရင်းသားတို့၏ ချစ်ခြင်းမေတ္တာကို ဖော်ကျူးစပ်ဆိုထားသည့် တေးသီချင်းကောင်းများကို ချင်း၊ ဗမာနှစ်ဘာသာဖြင့် သီဆိုဖျော်ဖြေကြမည်ဖြစ်သကဲ့သို့ ချင်းတိုင်းရင်းသားများပါဝင်သည့် MQT Music Band ကလည်း လက်စွမ်းပြ တီးခတ်ဖျော်ဖြေကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် ဇန်နဝါရီ ၁၉ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း MRTV HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၁၆

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရွာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

# လူငယ်များသိသင့်သော ပညာရေးအယူအဆများ

**မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)**

**ပညာရေးသည် လူသားတို့၏ဘဝကို ပြောင်းလဲပေးနိုင်သည်။ စစ်မှန်သောပညာရေးသည် အမှားအမှန်၊ အကောင်းအဆိုးကို သေချာစွာ ခွဲခြားပေးနိုင်သည်။ လူငယ်တို့၏ တွေးခေါ်ဆင်ခြင်နိုင်စွမ်းကို မြှင့်တင်ပေးသည်။ ဝေဖန်ပိုင်းခြားစဉ်းစားတတ်အောင်သင်ကြားပေးနိုင်သည်။ ပညာရေးဖြင့် မှန်ကန်ထိရောက်သော နည်းစနစ်များကို ဖော်ဆောင်ပေးနိုင်သည်။ ထိုမှတစ်ဆင့် ကောင်းမွန်သောပြောင်းလဲမှုများကို ဖန်တီးပေးနိုင်သည်။ ထို့ကြောင့် ပညာရည်မြင့်မားသော အဖွဲ့အစည်းများသည် နိုင်ငံတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်**

ယနေ့လူငယ်များသည် ကလေးဘဝမှစတင်၍ မူကြိုအဆင့်၊ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်အသီးသီးကို ဖြတ်ကျော်ခဲ့ကြသည်။ ဘွဲ့ရပညာတတ်များဖြစ်အောင် ကြိုးစားသင်ယူခဲ့ကြသလို ဘွဲ့မရသော်လည်း စီးပွားရေးလုပ်ငန်းများတွင် ကျွမ်းကျင်မှုအတတ်ပညာဖြင့် ဘဝခရီးလမ်း လျှောက်လှမ်းနေသူများလည်းရှိသည်။

**"ပညာရေးသည် ကမ္ဘာကြီးကိုပြောင်းလဲရန် အသုံးပြုနိုင်သော လက်နက်ဖြစ်သည်"** ဟု နယ်လ်ဆင် မင်ဒဲလား (Nelson Mandela) ကဆိုခဲ့သည်။

ပညာရေးသည် လူသားတို့၏ဘဝကို ပြောင်းလဲပေးနိုင်သည်။ စစ်မှန်သောပညာရေးသည် အမှားအမှန်၊ အကောင်းအဆိုးကို သေချာစွာ ခွဲခြားပေးနိုင်သည်။ လူငယ်တို့၏ တွေးခေါ်ဆင်ခြင်နိုင်စွမ်းကို မြှင့်တင်ပေးသည်။ ဝေဖန်ပိုင်းခြားစဉ်းစားတတ်အောင်သင်ကြားပေးနိုင်သည်။ ပညာရေးဖြင့် မှန်ကန်ထိရောက်သော နည်းစနစ်များကို ဖော်ဆောင်ပေးနိုင်သည်။ ထိုမှတစ်ဆင့် ကောင်းမွန်သော ပြောင်းလဲမှုများကို ဖန်တီးပေးနိုင်သည်။ ထို့ကြောင့် ပညာရည်မြင့်မားသော အဖွဲ့အစည်းများသည် နိုင်ငံတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်ပေမည်။

**"ပညာရေးသည် အချက်အလက်များကို သင်ယူရန်သက်သက်မဟုတ်ချေ။ တွေးခေါ်နိုင်သော စိတ်ရှိအောင် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်သည်"** ဟု အဲလ်ဘတ်အိုင်းစတိုင်း (Albert Einstein) က ဆိုခဲ့သည်။

ကျောင်းသင်ပညာရေးတွင် လူငယ်ကျောင်းသားများသည် အတွက်အချက်များသာမက အချက်အလက်များကို ကျက်မှတ်နေရသည်။ ယင်းအချက်အလက်များ မှတ်သားခြင်းမှ အသိပညာဗဟုသုတမြင့်မားတိုးတက်လာမည်။ ထိုမှတစ်ဆင့် လက်တွေ့ဘဝနှင့် ချိတ်ဆက်မိအောင် တွေးခေါ်ဆင်ခြင်သုံးသပ်တတ်ရန် သင်ပေးနိုင်ရမည်ဖြစ်ပါသည်။ ဤသည်မှာ ပညာရေးအတွက် အရေးပါသော အမှန်တကယ်ပံ့ပိုးပေးသော အယူအဆတစ်ခုဖြစ်သည်။

တစ်ဖန် **"အသိပညာတွင် ရင်းနှီးမြှုပ်နှံခြင်းသည် အကောင်းဆုံးသော အတိုးအမြတ်ကို ရရှိစေသည်"** ဟု ဘင်ဂျမင်ဖရန်ကလင် (Benjamin Franklin) ကဆိုခဲ့သည်။

နိုင်ငံတည်ဆောက်ရေးတွင် အသိပညာရှင်၊ အတတ်ပညာရှင်များစွာ လိုအပ်သည်။ အသိဉာဏ်ပညာကြီးမားသော နိုင်ငံသားများစွာရှိသည့် နိုင်ငံသည် လူ့စွမ်းအားအရင်းအမြစ်ကို တိုးတက်စေပြီး နိုင်ငံကို ပိုမိုချမ်းသာကြွယ်ဝစေကြောင်း တွေ့ရှိနေရသည်။ အသိပညာနှင့်ပတ်သက်၍ ယနေ့လူငယ်များသည် သင်ယူမှုအမျိုးမျိုးပြုလုပ်နေကြသည်။ စာအုပ်များ ဖတ်ကြသည်။ လေ့လာကြသည်။ အင်တာနက်ပေါ်မှလည်း လေ့လာကြသည်။ သင်တန်းများ တက်ကြသည်။ သင်ယူခွင့်များ ရရှိသည်နှင့်အမျှ အတွေ့အကြုံများ ရရှိလာကြသည်။ သင်ယူမှုမှရရှိသော အသိပညာများသည် မိမိအတွက်သာမက မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံအတွက် အသုံးဝင်လာမည်ဖြစ်သည်။ ထို့ကြောင့် အသိပညာတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် လူငယ်များ၏အနာဂတ်လှပလာမည်ဖြစ်သည်။

ပညာရေး၏အရေးပါမှု၊ အသုံးဝင်မှုအပြင်ပညာရေး၏ ပန်းတိုင်ဆိုင်ရာ အယူအဆကိုလည်း သိရှိနားလည်စေရန် လိုအပ်ပါသည်။

**"ပညာရေး၏ပန်းတိုင်သည် အသိပညာပမာဏကို တိုးတက်စေရုံမျှမက အသစ်အသစ်များ ဖန်တီးနိုင်စွမ်းရှိသော လူများဖြစ်လာအောင် ကလေးများကို တီထွင်နိုင်မှု၊ ရှာဖွေတွေ့ရှိနိုင်မှု ဖြစ်နိုင်ခြေများ ပိုများလာအောင်ဖန်တီးပေးရန်ဖြစ်သည်"**ဟု Jean Praget ဆိုသော ပညာရှင်က ဆိုခဲ့သည်။

ကလေးများကို ပညာသင်ကြားရာတွင် အသိပညာတိုးပွားရုံမကဘဲ ကလေးများ၏ ပင်ကိုစွမ်းရည်နှင့် လုပ်နိုင်စွမ်းများ၊ စွမ်းရည်များ၊ တန်ဖိုးထားမှုများကို တိုးတက်ပြောင်းလဲသွားအောင် ဆရာများက စွမ်းဆောင်ပေးပြီး မိဘများက ပံ့ပိုးကူညီရမည်ဖြစ်သည်။ ကလေးဘဝမှ လူငယ်ဘဝသို့ ရောက်ရှိသွားချိန်တွင် အသိပညာအဆင့်မှာပဲ ရပ်နေ၍မရချေ။ အသိပညာကို အသုံးချခွင့် ရရှိစေမည့် အသက်မွေးဝမ်းကျောင်းပညာရေးများကို ဖော်ဆောင်ပေးရန် လိုအပ်သည်။ အသစ်များကို ဖန်တီးရင်းနှင့် အဟောင်းများကို တန်ဖိုးထားတတ်အောင်၊ အဟောင်းများမှ သင်ယူတတ်အောင် လေ့ကျင့်သင်ကြားလမ်းညွှန်ပေးရမည်ဖြစ်သည်။ အသစ်များကိုဖန်တီးခြင်းဖြင့် လူငယ်များအတွက် အရေးပါသော အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ လူငယ်များသည် မိမိဘဝအတွက် ပြုစုပျိုးထောင်ရင်း လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်သူများဖြစ်လာရေး ရည်မှန်းထားရန်လိုအပ်သည်။

ဤတွင်သင်ယူခြင်းနှင့်ပတ်သက်၍ မဟတ္တမဂန္ဒီ (Mahatma Gandhi) ၏ ပညာရေးဆိုင်ရာအယူအဆတစ်ခုကို ဖော်ပြလိုပါသည်။

**"မနက်ဖြန်ဆိုရင် သေတော့မလို ဘဝကိုနေထိုင်ပြီး ထာဝရအသက်ရှင်တော့မယ့်အတိုင်း သင်ယူနေပါ။"**

သင်ယူမှုဟူသည် မည်သည့်အခါမျှ အဆုံးမသတ်နိုင်ချေ။ သင်ယူလေလေ ပိုမိုသိရှိလေလေဖြစ်သည်။ ထို့ကြောင့် လူငယ်များအနေဖြင့် အမြဲသင်ယူနေခြင်းဖြင့် မိမိဘဝတိုးတက်ရေး လှေကားထစ်များကို တက်လှမ်းနေရမည်ဖြစ်သည်။ မနက်ဖြန်ထက် ယနေ့က ပို၍တန်ဖိုးရှိသည်ကို သတိမူသင့်သည်။ ပစ္စုပ္ပန်ဘဝတွင် အပြုသဘောနှင့် ဆက်ဆံတတ်ရန် လိုသည်။ အမြဲရှင်သန်ရတော့မည်ဟု တွေးခေါ်တတ်လျှင် အနာဂတ်အတွက် သင်ယူဖို့လိုအပ်သည်များ များစွာရှိကြောင်း သတိထားတတ်လာမည်။ ဤသို့ ပညာရေးနှင့်ပတ်သက်၍ အပြုသဘောဆောင်သော စိတ်ထား(mindset) ရှိရန်လိုအပ်သည်။

**"ဆရာတစ်ဦး၏ အကြီးမားဆုံးသော အောင်မြင်မှုလက္ခဏာသည် ကလေးတွေက (ဆရာ) မရှိသည့်အလား အလုပ်လုပ်နေကြခြင်းဖြစ်သည်"** ဟု Maria Montessor ကဆိုသည်။

ဤအယူအဆသည် ပညာရေးအခန်းကဏ္ဍတွင် ကလေးများအား သင်ယူလေ့လာမှု စွမ်းအားကို မြှင့်တင်ပေးခြင်းဖြစ်သည်။ ဆရာ၏ လမ်းညွှန်မှုသည် ကလေးများအတွက် လိုအပ်သည်။ ကလေးများကို ထိန်းချုပ်နိုင်စွမ်း ဆရာများတွင်ရှိသည်။ သို့ရာတွင် ကလေးများအနေဖြင့် ဆရာများကို အားကိုးရန်လိုအပ်သလို မိမိဘာသာရပ်တည်နိုင်အောင်၊ သင်ကြားသူမရှိလျှင်တောင် Self study သင်ယူမှုပြုလုပ်တတ်အောင် သင်ပေးရန် လိုအပ်မည်ဖြစ်သည်။ ဆိုလိုသည်မှာ လူငယ်များအနေဖြင့် ဆရာရှိမှ ဖြစ်မည်ဆိုသည်ထက် ဆရာမရှိလျှင်လည်း မိမိတို့ကိုယ်တိုင် သင်ယူလေ့လာနိုင်အောင် ကြိုးစားရမည်ဖြစ်သည်။ သည့်အတွက် ထိရောက်သော လေ့လာသင်ယူမှုပြုလုပ်တတ်အောင် ဆရာများက ကျောင်းသားလူငယ်များကို ပြင်ဆင်ပေးရန်၊ လမ်းညွှန်ပေးရန် လိုအပ်သည်။

ပညာရေးနှင့်ပတ်သက်၍ ထူးခြားသော အယူအဆတစ်ခုကို John Dewey ဆိုသူကဖော်ညွှန်းခဲ့ပြန်သည်။

**"ပညာရေးဆိုတာ ဘဝအတွက်ပြင်ဆင်ပေးတာ မဟုတ်ဘူး။ ပညာရေးကိုယ်တိုင်က ဘဝပဲ"**

အချို့လူငယ်များက ဘွဲ့ရပြီးလျှင် ပညာရေးပြီးဆုံးသွားပြီဟုယူဆကြသည်။ ဘွဲ့ရပြီးလျှင် ဆရာဝန်၊ အင်ဂျင်နီယာ၊ ရှေ့နေ စသည်တို့ဖြစ်မည်ဟု တွေးထင်ထားကြသည်။ ပညာရေးသည် ဘဝအတွက် ပြင်ဆင်ပေးခြင်းသက်သက် မဟုတ်ချေ။ လူငယ်များအနေဖြင့် ပညာရေးသည် ကိုယ့်ဘဝဟုသာ တွေးထင်ယူဆလိုက်လျှင် အမြဲသင်ယူနေရမည်ဟူသော တွေးခေါ်မှုရှိလာမည်ဖြစ်ပြီး ဘဝ၏အဓိပ္ပာယ်သည် ပိုမိုလေးနက်လာမည်ဖြစ်သည်။ ထို့ကြောင့် life-long learning ဟူသော ဘဝတစ်သက်တာလေ့လာမှု၏ သဘောကို သိရှိနားလည်လာမည်ဖြစ်သည်။

နိုင်ငံတော်တည်ဆောက်ရေးတွင် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ စွမ်းပကားသည် လွန်စွာအရေးပါသည်။ ကျွမ်းကျင်ပညာရှင်များဖြစ်သော ဆရာဝန်၊ အင်ဂျင်နီယာ စသည်တို့သည် အတတ်ပညာရှင်များ ဖြစ်ကြသည်။ အတတ်ပညာရှင်များ ပြည့်စုံရုံမျှနှင့် မလုံလောက်ချေ။ အသိပညာရှင်များ ရှိရန်လည်းလိုအပ်သည်။ နည်းပညာတိုးတက်လာသော ယနေ့ခေတ်တွင် အတတ်ပညာရှင်များ၏ တီထွင်မှုဖြင့် လောက၏ကောင်းကျိုးများ ဆောင်ရွက်နိုင်သလို ဆိုးကျိုးများလည်း ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် လူ့လောကအကျိုးအတွက် အတတ်ပညာရှင်များအပြင် အသိပညာရှင်များလိုအပ်သည်မှာ အမှန်ပင်။ အမှားအမှန်၊ အကျိုးအပြစ်၊ အကောင်းအဆိုးကို ခွဲခြားသိမြင်သော ဉာဏ်ပညာကို အသိပညာဟု နားလည်ထားကြသည်။ အတတ်ပညာကို အသိပညာဖြင့် ထိန်းကျောင်းရန်လိုအပ်သည်။ အတတ်ပညာက လူတော်ဖြစ်စေနိုင်သကဲ့သို့ အသိပညာက လူကောင်းဖြစ်စေသည်မှာ သဘာဝပင်။ ထို့ကြောင့် လူတော်များဖြစ်ရုံသာမကဘဲ လူကောင်းများလည်းဖြစ်ရန် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရန် လိုအပ်သည်။ ပညာရေးဆိုင်ရာအယူအဆများကိုလေ့လာရင်း လူငယ်များအနေဖြင့် နိုင်ငံတော်အတွက် အရေးပါသော လူကောင်းလူတော်များဖြစ်စေရေး ကြိုးစားရန်လိုအပ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

**ရယ်စရာ ပြုံးစရာ နိုင်ငံတကာဟာသများ**

**မာတင်ဖဲ**



## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ်(၅၉၅)၊ ဗိုလ်ဂါမဏိလမ်းဟုခေါ်တွင်သော (၄၀'x၆၀')အကျယ်ရှိ မြေကွက်မှာ ဒေါ်တင်မော်အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပြီး ထိုမြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော (၂၀'x၆၀')အကျယ်၊ မြေကွက်အမှတ်(၅၉၈) နှင့်ကပ်လျက်ဘက်ခြမ်းရှိ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်ဝင့်သူ [၁၀/မလမ(နိုင်)၁၅၈၆၇၆]မှ မိမိသာပိုင်ဆိုင်ပြီး အပေါင်အနှံ၊ အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်းထုတ်ဖော်ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီး ဖြစ်ရာ အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ခင်ကြည်မွန်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၀၅၂)**

**အမှတ်(၆၀)၊ စရည်းပင်လမ်း၊ (က)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–09-43114141, 09-400101414**

## ကွာရှင်းပြတ်စဲပြီးကြောင်းနှင့် လုံးဝမသက်ဆိုင်ကြောင်း

ကျွန်တော် ဦးဇင်မောင်မောင် [၁၂/ပဇတ(နိုင်)၀၃၅၈၆၀]နှင့် ဒေါ်သန္တာဝင်း [၁၄/ဒဒရ(နိုင်)၁၄၆၈၉၄]တို့သည် (၇–၇–၂၀၂၂)ခုနှစ် ရန်ကုန်တိုင်းဒေသကြီးတရားရုံးချုပ်တွင် တရားသူကြီးရှေ့မှောက်၌ ကွာရှင်းပြတ်စဲပြီးဖြစ်၍ ကွာရှင်းပြီးသည့်နေ့မှစ၍ ဒေါ်သန္တာဝင်းနှင့် ပတ်သက်သော ကိစ္စအဝဝတို့မှာ ဦးဇင်မောင်မောင်နှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇင်မောင်မောင်**

**[၁၂/ပဇတ(နိုင်)၀၃၅၈၆၀]**

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ အကြောင်းကြားစာ
## မင်္ဂလာဒုံခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် – ၉

| | |
|---|---|
| မင်္ဂလာဒုံခရိုင်တရားရုံး နှင့် | ၁။ဒေါ်ယဉ်သူမိုး (ကိုယ်တိုင်နှင့် |
| ( ၎င်း၏ကိုယ်စား တာဝန်ပေးအပ်ခြင်း | အမှတ် (၂)၊ (၃)လျှောက်ထား |
| ခံရသူ | ခံရသူများ၏အခွင့်ရကိုယ်စားလှယ်) |
| ဒေါ်ခိုင်ဇာသွယ်(ဒုတိယဦးစီးမှူး ) | ၂။ ဒေါ်စုစုလှိုင်မြင့် |
| | ၃။ ဒေါ်မြတ်ဆုယဉ် |
| | ၄။ ဒေါ်ဝင်းမေ |
| **(လျှောက်ထားသူ)** | **(လျှောက်ထားခံရသူများ)** |

၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၅) ရက်စွဲပါ မင်္ဂလာဒုံမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၈ / ၂၀၂၄ အမှုတွင် ချမှတ်သောအမိန့်ကို ပြင်ဆင်မှု။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ စကားဝါလမ်း၊ အမှတ် – ၁၃၅ နေ လျှောက်ထားခံရသူ (၁)ဒေါ်ယဉ်သူမိုး (ကိုယ်တိုင်နှင့် အမှတ်(၂)၊ (၃)လျှောက်ထားခံရသူများ၏ အခွင့်ရကိုယ်စားလှယ်)၊ (၂)ဒေါ်စုစုလှိုင်မြင့်၊ (၃) ဒေါ်မြတ်ဆုယဉ် (ယခုနေရပ်လိပ်စာမသိ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ အမှတ် – ၅၃ နေ ဒေါ်ဝင်းမေ (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

ယခုအမှုတွင် မင်္ဂလာဒုံမြို့နယ် တရားရုံးတော်မှ ချမှတ်သည့်အမိန့်ကို လျှောက်ထားသူမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းသွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက် ( ၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း (၂)ရက်နေ့ မွန်းမတည့်မီ(၁၀:၀၀)နာရီအချိန်တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှု ကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အိအိမျိုး)**

**ဒုတိယခရိုင်တရားသူကြီး(၂)**

**မင်္ဂလာဒုံခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## တရားမကျင့်ထုံးကိုဥပဒေအမိန့်–၅၊ နည်းဥပဒေ–၁ နှင့် ၅)
## ရွှေပြည်သာမြို့နယ်တရားရုံးတော်
## ၂၀၂၅– ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁

| | | |
|---|---|---|
| ဦးငြိမ်းချမ်း | နှင့် | ဦးလှမြင့် |
| (၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်ထူးထူးဆွေ) | | |
| တရားလို | | တရားပြိုင် |

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၅/၇)ရပ်ကွက်၊ ကျောက်စိမ်းလမ်း၊ အမှတ်–၁၀၁(ခ) ဦးလှမြင့် (ယခုနေရပ်လိစာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅–ခုနှစ်၊ ဇန်နဝါရီလ (၃၀)ရက် (မြန်မာသက္ကရာဇ် ၁၃၈၆–ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်နေ့) မွန်းမတည့်မီ(၁၀:၀၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က–ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅–ခုနှစ်၊ ဇန်နဝါရီလ(၁၄)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လွှမ်းပို့ပို့စိုး)**

**မြို့နယ်တရားသူကြီး**

**ရွှေပြည်သာမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၅၀ ၊ မြေကွက်အမှတ်–၇၇၃/ခ၊ မြေကွက်တည်နေရာ အမှတ်(၇၇၃/ခ)၊ ပန်းသဇင်လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဦးချစ်သိန်း PAG–၁၅၀၄၀၇) အမည်ပေါက် နှစ်(၆၀)မြေငှား(ဂရန်)မြေအား အမည်ပေါက် ဦးချစ် သိန်း (PAG–၁၅၀၄၀၇) အား (တရားပြိုင်)ထားကာ ဒေါ်နန်းစိန်ခမ်းမော်မှ (တရားလို)ပြုလုပ်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တရားမရုံး၌ တရားမကြီးမှုအမှတ်–၈၈/၂၀၂၄ ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် ( ၂၃ –၈ –၂၀၂၄ ) ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့် တရားမဇာရီမှုအမှတ် ၇၄/၂၀၂၄ တို့အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်လွဲလွဲခိုင် [၁၃/ တကန(နိုင်) ၀၀၃၄၁၉]မှ တရားရုံးအမိန့်များ၊ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်/ကတ် တို့ တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကိတ္တိမသားအဖြစ်မွေးစားကြောင်း အများသိစေရန်ကြေညာခြင်း

ရောဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့၊ လယ်ပေါ်ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်(၁၁၅)နေ ဒေါ်သီရိထိုက် (ဘ)ဦးမောင်မောင်အေး [၁၄/အမန(နိုင်)၁၁၇၅၃၇]၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီရိထိုက်သည် ဦးဇင်မင်းလတ် (ဘ)ဦးဖေဝင်း [၁၂/ကမတ(နိုင်) ၀၇၂၂၇၃]နှင့် ဒေါ်တင်မင်းခိုင် (ဘ)ဦးမောင်မောင်အေး [၁၄/အမန(နိုင်)၀၉၄၅၃၄]တို့၏ သားအရင်းဖြစ်သူ မောင်ဇွဲဝင့်ဇမ္ဗူအား အမွေစားအမွေခံသားအဖြစ် မွေးစားလိုသောကြောင့် ၎င်းမိဘများ၏ သဘောတူညီချက် အရ (၅–၁–၂၀၂၅)ရက်နေ့တွင် နှစ်ဦးသဘောတူ အမွေစားအမွေခံကိတ္တိမသားအဖြစ် စာချုပ်ချုပ်ဆို၍ မွေးစားထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးအေးကြူဖြိုး (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၀၉၈)**

**အမှတ်(၁၀၁၂)၊ ရွှေဝါထွန်းလမ်း၊ (၄၅)ရပ်ကွက်၊**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း–၀၉–၇၉၄၂၀၃၇၅၅**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ–၂၀)
## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂

| | | |
|---|---|---|
| ၁။ ဦးမြသန်း | နှင့် | ဦးသိန်းလွင် |
| ၂။ ဒေါ်မြတ်သီတာသိန်း | | |
| **(တရားလိုများ)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ဦးဘချိုလမ်း၊ အမှတ်(၉၂၄)နေ ဦးသိန်းလွင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုများက“ပဋိညာဉ်အတိုင်း မြေနှင့်အိမ်မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆို ပေးစေလိုမှု” လျှောက်ထား စွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင့်ကိုယ်စားရုံးတော်အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ (၂၈)ရက် (၁၃၈၆ခုနှစ်၊ ပြာသိုလကွယ်နေ့) မွန်းမတည့်မီ(၁၀:၀၀)နာရီတွင် အထက်အမည် ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာအထက်ပါနေ့တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရ မည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ (၁၄)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဉာဏ်လင်းထက်)**

**မြို့နယ်တရားသူကြီး**

**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

တရားမပုံစံအမှတ်–၁၄၁

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃ )
## သန်လျင်ခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ် ၊ တရားမအထွေထွေမှုအမှတ် – ၃၉

ကွယ်လွန်သူ ဦးမြစိန်၌ ကျန်ရစ်သောပစ္စည်းအကြောင်း။

**ဒေါ်အေးဆင့်** **လျှောက်သူ။**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ငါးပြေမကျေးရွာအုပ်စုနေ ဒေါ်အေးဆင့်က ကွယ်လွန်သူ ဦးမြစိန်၏ တရားဝင်ဇနီးဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး ၊ သန်လျင်ခရိုင် ၊ ငါးပြေမကျေးရွာအုပ်စုနေ ၎င်းကွယ်လွန်သူ ဦးမြစိန်မှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးမြစိန်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၅ ခုနှစ် ၊ ဇန်နဝါရီလ ၃၀ ရက် (၁၃၈၆ ခုနှစ် ၊ တပို့တွဲလဆန်း ၂ ရက်)နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်အေးဆင့်၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်၊ မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမာလာခင်)**

**ဒုတိယခရိုင်တရားသူကြီး(၂)**

**သန်လျင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၁/တိုးချဲ့၊ တော်ဝင်လမ်း၊ မြေကွက်အမှတ်(A–၃၆/က)၊ အကျယ် အဝန်း(၄၅ပေx၁၀၈ပေ)၊ ဧရိယာ(၀.၁၁၁၅) ဧကရှိ မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဒေါ်ပေါ်လီနာ [၁၂/သဃက(နိုင်)၀၆၂၂၇၃] နှင့် ဦးမျိုးမြင့် [၁၂/သဃက(နိုင်)၀၀၄၄၄၇]အမည်တို့ဖြင့် မှတ်သားတည်ရှိသော နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ကြောင်း၊ ဝယ်ယူ ပိုင်ဆိုင်လက်ရောက်ရရှိထားကြောင်း၊ အရှုပ်အရှင်းမရှိသဖြင့် ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း ဂရန်အမည်ပေါက်သူများက ဝန်ခံကတိပြုလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါ သည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ခင်သန္တာလွင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၈၃၆၅)**

**အမှတ်–၃၈၈၊ အေးမြသာယာလမ်း၊ ၃၂–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉ ၄၄၃၂၁၈၀၁၃၊ ၀၉ ၇၈၆၃၁၇၂၈၀**

## ပတ်စပို့ပျောက်ဆုံးခြင်း

ကျွန်မ ဒေါ်အိအိသင်း[၁၂/ဒဂတ(နိုင်)၀၃၁၇၄၇]၏ နိုင်ငံကူးလက်မှတ်စာအုပ် (MJ-711094)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၂၁၀၅၅၈၄၅**

## အမည်မှန်

မွန်ပြည်နယ်၊ ရေးခရိုင်၊ ရေးမြို့၊ အ.ထ.က(ဟံဂံ)၊ Grade(11)မှ (အဖ) ဦးစောသန်းနိုင် [၁၀/ရမန(နိုင်)၀၃၇၇၁၁]၏ သမီး မဆုရွှန်းလဲ့ဒ်၏ အမည်မှန်မှာ မရွှန်းဆုလာဒ်ဖြစ်ပါကြောင်း။

**မရွှန်းဆုလာဒ်**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးခရိုင်၊ ရေးမြို့၊ အ.ထ.က(ဟံဂံ)၊ Grade(7) မှ မအိအိချော၏ ဖခင်အမည်မှန်မှာ ဦးထိုက် [၁၀/ရမန(နိုင်)၂၅၄၄၉၉] ဖြစ်ပါကြောင်း။

**ဦးထိုက်**

## အမှားပြင်ဆင်ချက်

(၁၄–၁–၂၀၂၅) ရက်နေ့ ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၃)၊ ကော်လံ (၁)ပါ လမ်းမတော်မြို့နယ်၊ (၃) ရပ်ကွက်၊ (၈)လမ်း၊ အမှတ်–၇၇ ၏ အမည်ပေါက်အမှတ်စဉ်(၂) ဒေါ်စန်းစန်းနွယ်(ခ)ဒေါ်စမ်းစမ်းနွယ်နှင့် အမှတ်စဉ်(၄) ဒေါ်စန်းစန်းကြည်(ခ)ဒေါ်စမ်းစမ်းကြည်တို့(၂) ဦးအမည်အစား “(၂) **ဒေါ်စန်းစန်းနွယ်နှင့် (၄) ဒေါ်စန်းစန်းကြည်**” ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## သွေးသည် အသက်

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ ဈေးကြီးရပ်ကွက်၊ မြို့မဗဟိုလမ်း၊ ကွင်းအမှတ်(၅–က)၊ ကွင်းအမည်(ဈေးပိုင်ကွင်း)၊ ဦးပိုင်အမှတ်(၁၈၅)၊ အလျား(၂၀) x အနံ (၆၀)ပေ အကျယ်ရှိ ဦးမြညွန့်၊ ဒေါ်မင်းကလေးမည်ပေါက်မြေနှင့် မြေကွက်ပေါ်ရှိ အမှတ်–(၁၇၃)ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေအခင်း၊ အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟုအဆို ရှိသူများဖြစ်သော (၁) ဒေါ်တင်တင်နု (ဘ) ဦးအောင်ငြိမ်း [၁၂/လကန(နိုင်)၀၅၄၂၂၃]၊ (၂) ဦးနိုင်လင်း (ဘ) ဦးအောင်ငြိမ်း [၁၂/လကန(နိုင်)၀၀၀၁၆၄]၊ (၃) ဒေါ်ဝင်းဝင်းမော် (ဘ) ဦးအောင်ငြိမ်း [၁၂/လကန(နိုင်)၀၀၀၁၆၅]၊ (၄)ဒေါ်မြတ်မွန် (ဘ) ဦးအောင်ငြိမ်း [၁၂/လကန(နိုင်)၀၀၀၄၉၃]၊ (၅) ဦးကျော်ကျော် (ဘ)ဦးအောင်ငြိမ်း [၁၂/လကန(နိုင်)၁၄၈၀၆၂] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးသန်း[၁၂/လကန(နိုင်)၀၉၀၃၁၀] ၏**

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်မဥ္ဇူအေးသိန်း(LL.B) (တရားလွှတ်တော်ရှေ့နေ) (စဉ်–၁၂၂၅၇)**

**(မမ/၃၂၄)၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့။**

**ဖုန်း–၀၉–၅၀၄၁၄၈၃**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၁ နှင့် ၅)
## သာကေတမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၄၇

| | | |
|---|---|---|
| ဦးစိုင်းဟတ် | နှင့် | ဦးထွန်းရီ |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၅/ရပ်ကွက်၊ ဇင်္ဂမလမ်း၊ အမှတ်(၁၀)နေ ဦးထွန်းရီ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးစိုင်းဟတ်က ပဋိညာဉ်အတိုင်းအရောင်းအဝယ်ကတိစာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်) မွန်းမတည့်မီ (၁၀:၀၀) အချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်ကိုကို)**

**မြို့နယ်တရားသူကြီး**

**သာကေတမြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၉၇)၊ ဦးပိုင်နံပါတ်(၇–ဃ+ ၇–ဆ+ ၇–ဇ)ဟု ခေါ်တွင်သော မြေဧရိယာ(၀.၀၆၁၃+၀.၀၂၉၃+၀.၀၃၁၂)ဧကအကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစား ခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဘေဘီ(ခ)ဒေါ်တင်တင်ဦး (ဘ) ဦးလျူတုံလစ် (ခ) ဦးလှမြင့် [၉/မရမ(နိုင်)၀၉၁၃၄၄]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဦးတင်အောင်မိုး(LL.B, LL.M)** | **ဒေါ်အိအိမွန်(LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၉၃၁၀)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၁၅၇)** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသဇင်အောင်(LL.M)** | **ဦးဝေသူ(LL.B)** | **ဦးဖြိုးသာခန့်(LL.B)** | **ဒေါ်ကောင်းစုဝမ်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၁၆၄၁၆)** | **(စဉ်–၅၂၅၀၉)** | **(စဉ်–၅၂၇၀၇)** | **(စဉ်–၅၄၈၇၃)** |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄x၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊**

**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း–၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၁၊ မြေကွက်အမှတ် – ၆၃၀၊ အကျယ်အဝန်း (၂၅ ပေ x ၅၀ ပေ)ပေါ်တွင် ဆောက်လုပ်ထားသည့် အမှတ်–၆၃၀၊ သုမိတ္တာ(၁၆)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦရှိ အကျယ်အဝန်း(၁၁ ½ ပေ x ၄၇ ပေ)၊ ၅–လွှာ (စတုတ္ထထပ်) ခေါင်းရင်းခြမ်း (A) ခန်းဟုခေါ်တွင်သည့် တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် (၁၆–၁၀–၂၀၁၄)ရက်စွဲပါ "အဆောက်အဦ ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်း နှစ်ဦးသဘောတူစာချုပ်" အရ ရောင်းသူ မြေရှင် ဒေါ်ခင်ရွှေ [၁၂/ဥကမ(နိုင်)၀၃၆၀၅၁]မှ ဂရန်အမည်ပေါက်ပိုင်ဆိုင်သော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား ရောင်းသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဥ် – ၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၅)ရပ်ကွက်၊ ကေတုမတီလမ်း၊ မြေကွက်အမှတ်(၁၉၀၆)ဟု ခေါ်တွင်သော သက်ဆိုင်ရာဌာနတွင် ဦးအောင်ကြွယ် အမည်ဖြင့် ပါမစ်အမည်ပေါက် ပေ(၄၀x၆၀)အကျယ်ရှိ မြေကွက်အား ရောင်းချသူ ဒေါ်သင်းသင်းနိုင်[၁၂/ဥကမ(နိုင်)၁၂၈၉၆၇]ထံမှ ကျွန်ုပ်ဦးမင်းသူ [၁၂/တမန(နိုင်)၀၃၅၆၄၁]မှ စရန်ငွေ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယနေ့ကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းသူ**
**Ph:09-669956232**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–၈/ဘုရင့်နောင်၊ ဦးပိုင်အမှတ်(၃၇ က)၊ ဧရိယာ(၀.၀၉၉) ဧကရှိ ဦးမောင်မောင်တာ(ဘ)ဦးသိုက်ထွန်း နိုင်ငံသားစိစစ်ရေးအမှတ်[၁၃/မယတ(နိုင်)၀၀၀၅၈၉] အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား ဒေါ်လှလှဌေး(ဘ)ဦးသန်းလင်း နိုင်ငံသားစိစစ်ရေးအမှတ်[၅/မရန(နိုင်)၀၂၅၈၇၅]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇသူရလမ်း၊ အမှတ်(၁၀၈၇)ဟုခေါ်တွင်သော တစ်ခန်းတည်း (၃ ½ )ထပ်တိုက်၏ ပထမအလွှာ(မှန်ခန်း)၊ အကျယ်အဝန်း(၁၈ပေ x ၅၅ပေ)ရှိ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ **ဦးစိန်ထွန်း [၁၂/ဥကတ(နိုင်)၁၁၇၃၆၉]**ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော **(၁) ဦးဝေဖြိုးအောင်[၁၂/ဥကတ(နိုင်)၁၇၀၈၅၁]၊ (၂)ဒေါ်ညိုမီမြင့်[၃/လဘန(နိုင်)၁၀၃၆၅၀]**တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ရွှေစင်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၁၆၇၀၅)**
**အမှတ်(၈၀၈)၊ မာဃ(၉)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၀၁၅၃၂၄၈**

## အများသိစေရန်သတိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၅၃၊ မြေကွက်အမှတ်–၂၃၄၀၊ ဧရိယာစုစုပေါင်း(၀.၀၅၅)ဧက၊ အလျား(၄၀)ပေx အနံ(၆၀)ပေ အကျယ်ရှိ ဦးဝဏ္ဏဖြိုး [၉/မမန(နိုင်)၀၈၀၂၀၄]အမည်ပေါက်၊ မြေအမျိုးအစား–နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအားလုံး၏ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဆက်စပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုသည့် ဟာဘီအူလ္လာ(ခ)ဦးဝင်းမြင့် [၁၂/ဒဂတ(နိုင်)၀၈၀၆၄၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက မည်သူမဆို အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း) အထောက်အထားများနှင့်တကွ တရားဝင် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဝယ်ယူသူ၏ တရားဝင်ပိုင်ဆိုင် လက်ဝယ်အကျိုးခံစားခွင့် ရရှိရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသူရိန်ထွန်း**
**LL.B,DBL,DML,DIL,DIPL,D.A.Psy**
**တရားလွှတ်တော်ရှေ့နေ(စဥ်–၁၆၂၆၁)**
**အခန်း–၁၆(ခ)၊ ပထမထပ်၊ အမှတ်–၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၁၀၆၂၈၉၇**

## "လုပ်ငန်းအမှတ်တံဆိပ်အမည်နှင့် အမှတ်အသားအား အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံ(မြောက်/အနောက်)ရပ်ကွက်၊ ဦးချစ်မောင်လမ်းမကြီး၊ အမှတ်(၁၅၁)နေ ဒါရိုက်တာ ဦးအောင်နိုင်ထွန်း [၁၂/ပဘတ(နိုင်)၀၃၂၀၉၃]မှ အောက်ဖော်ပြပါလုပ်ငန်းတံဆိပ်နှင့် အမှတ်အသားကို ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ် (၈၃၃၉/၂၀၂၄)၊ (၁၁–၁၀–၂၀၂၄)ဖြင့် မှတ်ပုံတင်သွင်းကြေညာထားပြီးဖြစ်ပါသည်။

SBS
ရွှေဘုံစံရောဂါရှာဖွေရေးဆေးခန်း

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမှတ်အသားကို အထွေထွေရောဂါရှာဖွေရေး၊ အထွေထွေရောဂါကုသရေး၊ အထွေထွေရောဂါ ကျန်းမာရေးစစ်ဆေးခြင်း လုပ်ငန်းများနှင့် သက်ဆိုင်သော ဝန်ဆောင်မှုလုပ်ငန်းများကို ဆေးခန်းများ၊ ဆိုင်ခန်းများ၊ ဓာတ်ခွဲခန်းများ ဖွင့်လှစ်၍ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်များတွင် ကောင်းမွန်သော ဂုဏ်သတင်းဖြင့် ဆေးခန်းများ ဖွင့်လှစ်ထားရှိပါသည်။

သို့ဖြစ်ပါ၍ အထက်အမည်ပါ လုပ်ငန်းအမှတ်တံဆိပ်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ မည်သူမဆို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား ပြုလုပ်၍ သုံးစွဲခြင်းအား မပြုလုပ်ကြပါရန် သတိပေးကြေညာအပ်ပါသည်။ အကယ်၍ အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမှတ်အသားအား ကျွန်ုပ်မိတ်ဆွေ ဖွင့်လှစ်ထားသယောင် ထင်ယောင်ထင်မှားပြုလုပ်၍ တုပသုံးစွဲနေ သည်ကိုတွေ့မြင်ကြားသိရပါက ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက်ဆုံးရှုံးနစ်နာမှုအဝဝတို့အတွက် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒါရိုက်တာ ဦးအောင်နိုင်ထွန်း** | **ဒေါ်ခင်ကြည်မွန်(LL.B)** |
| **[၁၂/ပဘတ(နိုင်)၀၃၂၀၉၃]** | **တရားလွှတ်တော်ရှေ့နေ(စဥ်–၁၀၀၅၂)** |
| | **အမှတ်(၆၀)၊ စရည်းပင်လမ်း၊ (က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း–09–43114141, 09–400101414** |

## "အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးရွှေနုလမ်း၊ အမှတ်(၆/၈)နေ ဒေါ်နှင်းအေးစမ်း[၁၂/မရက(နိုင်)၀၀၃၅၃၉] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းအေးစမ်း သည် ရွှေဘုံစံရောဂါရှာဖွေရေးဆေးခန်းဖွင့်လှစ်၍ ကောင်းသောဂုဏ်သတင်းဖြင့် လုပ်ကိုင်ဆောင်ရွက်နေသူတစ်ဦး ဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေအား ဂုဏ်သိက္ခာကျဆင်းစေရန်ရည်ရွယ်၍ ကျွန်ုပ်မိတ်ဆွေ၏ အမည်နာမကိုသော်လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေ၏ နေရပ်လိပ်စာကိုသော်လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက် မရှိဘဲ အလွဲအသုံးပြုနေသည်ကို ကျွန်ုပ်မိတ်ဆွေ၏ ညွှန်ကြားပြောဆိုချက်အရ သိရှိရပါသည်။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေ၏ သဘောတူညီချက်မရဘဲ ကျွန်ုပ်မိတ်ဆွေ၏ အမည်၊ နေရပ်လိပ်စာတို့အား လုံးဝအသုံးပြုခြင်း မပြုပါရန်နှင့် ငွေကြေးအရှုပ်အရှင်းများဖြစ်ပေါ်လာပါက ကျွန်ုပ်မိတ်ဆွေနှင့် လုံးဝမသက်ဆိုင်ပါကြောင်း အလေးအနက် အသိပေးကြေညာအပ်ပါကြောင်းနှင့် အသုံးပြုမှုများပေါ်ပေါက်လာပါက မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ တရားမကြောင်း၊ ပြစ်မှုကြောင်းတို့ဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်နှင်းအေးစမ်း** | **ဒေါ်ခင်ကြည်မွန်(LL.B)** |
| **[၁၂/မရက(နိုင်)၀၀၃၅၃၉]** | **တရားလွှတ်တော်ရှေ့နေ(စဥ်–၁၀၀၅၂)** |
| | **အမှတ်(၆၀)၊ စရည်းပင်လမ်း၊ (က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း–09–43114141, 09–400101414** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ နဝရက်လမ်း၊ ပန်းခြံ(၁၀)၊ အိမ်အမှတ် (၁၀၀)၊ အလျား(၄၀)ပေxအနံ(၆၀)ပေရှိ မြေကွက် အပါအဝင် ယင်းမြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ဝယ်ယူလက်ဝယ် ပိုင်ဆိုင်ထားသူ နိုင်ငံသားစိစစ်ရေးအမှတ်[၁၂/ရပသ(နိုင်)၁၃၈၇၁၇] ကိုင်ဆောင်သူ ဦးသက်နိုင်ထွန်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်ဝေ နိုင်ငံသားစိစစ်ရေးအမှတ်[၁၂/မရက(နိုင်)၀၀၀၅၂၇]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပြီး ကန့်ကွက်လိုက ယနေ့မှစ၍ (၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်အောင်**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၁၈၁၀၈/၂၀၂၂)**
**အမှတ်(၇၅)၊ မာလာမြိုင်(၂)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း–၀၉–၅၀၈၂၅၇၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ဦးအောင်ဝင်း [၇/ပခန(နိုင်)၀၀၅၅၀၀] နှင့် ဒေါ်အေးအေးမြင့် [၇/ပခန(နိုင်)၁၃၄၄၀၀]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးအောင်ဝင်းနှင့် ဒေါ်အေးအေးမြင့် တို့၏ သားဖြစ်သူ မောင်ဖြိုးမောင်မောင် [၇/ပခန(နိုင်)၄၄၄၉၄၃]သည် မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ မိဘများစိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ် အခါခါပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| **ဒေါ်အိကေဇင်** | **ဒေါ်အိအိမွန်** | **ဒေါ်မေသူထွန်း** |
|---|---|---|
| **(LL.B, D.B.L, D.I.L, D.I.P.L)** | **(LL.B, D.B.L, D.I.P.L)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဥ် – ၁၇၇၂၃)** | **(စဥ် – ၅၀၂၈၆)** | **(စဥ် – ၅၀၂၄၇)** |

**အမှတ် (၇၀)၊ ၅–လွှာ(ဘီ)၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉– ၄၂၁၀၃၁၉၄၂၊ ၀၉– ၄၂၈၅၉၆၁၅၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၅၊ မြေကွက်အမှတ်–(၂၅၂–က)၊ နံ့သာ(၁)လမ်း၊ အလျား(၂၂)ပေ× အနံ(၆၀)ပေ၊ ဧရိယာ(၀.၀၃၀)ဧက၊ အကျယ်အဝန်း(၁၃၂၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်မြညွန့် (TGA ၀၈၂၇၆၆)မှအမည်ပေါက်ပြီး ဦးထွန်းစံလှ(၁၁/ကဖန(နိုင်)၀၆၃၅၉၈)၊ ဒေါ်ရွှေသန်း(၁၁/ကဖန(နိုင်)၀၆၅၇၇၁)တို့မှ အရပ်ကတိ စာချုပ်ဖြင့် ဝယ်ယူထားပြီး၊ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကိုကိုမောင် (၁၄/လပတ(နိုင်)၁၉၇၅၅၉)မှ စရံငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

**ဒေါ်ဖြူဖြူသန့်** တရားလွှတ်တော်ရှေ့နေ (စဥ်–၈၃၁၁)
LL.B., D.B.L., WIPO-101(Switzerland)
အမှတ်–၁၂၆၊ ၄၁–လမ်း၊ မြေညီထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုံးဖုန်း–၀၉ ၅၄၀၁၄၆၂၊ ၀၉၈၈၇၈၀၀၀၂၆

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၀/တိုးချဲ့၊ မြေကွက်အမှတ်–(၂၅)၊ ရောဝတီလမ်း၊ အလျား(၆၆)ပေ× အနံ(၈၆.၆)ပေ၊ ဧရိယာ(၀.၁၃၁)ဧက၊ အကျယ်အဝန်း(၅၇၀၉)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် (၁)ဦးဇော်မြင့်(၁၂/ဗတထ(နိုင်)၀၂၄၂၈၇)၊ (၂)ဒေါ်ဖြူဖြူမြ(၁၂/ဗတထ(နိုင်)၀၁၄၈၁၄)တို့မှအမည်ပေါက်ပြီး ပိုင်ဆိုင်ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဖြိုးသူရစိုး(၁၂/ကမတ(နိုင်)၀၆၁၉၅၂)မှ စရံငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

**ဒေါ်ဖြူဖြူသန့်** တရားလွှတ်တော်ရှေ့နေ (စဥ်–၈၃၁၁)
LL.B., D.B.L., WIPO-101(Switzerland)
အမှတ်–၁၂၆၊ ၄၁–လမ်း၊ မြေညီထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုံးဖုန်း–၀၉ ၅၄၀၁၄၆၂၊ ၀၉၈၈၇၈၀၀၀၂၆

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ တိုက်အမှတ်(၁၅)၊ မြေညီထပ်(ဘီ) ခြေရင်းခြမ်း၊ အကျယ်အဝန်း(၁၁ ½ ပေ x ၄၈ပေ)အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်နွယ်နွယ်အေး (၁၂/တမန(နိုင်) ၀၄၆၇၉၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ **ဒေါ်ခင်မာထွေး** LL.B,WIPO (Switzwerland)
တရားလွှတ်တော်ရှေ့နေ (စဥ်–၉၄၅၄)
အမှတ်(၁၇၂)၊ ချယ်ရီလမ်း၊ (၁၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း – ၀၉ ၄၅၄၅၃၀၀၉၀၊ ၀၉ ၄၄၉၀၁၆၈၇၅

## "အများသိစေရန် ကြေညာခြင်း"

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ ဒေါနခြံရပ်ကွက် တွင်နေထိုင်သူ ဖခင် ဦးကြည်မြင့်၊ မိခင် ဒေါ်စန်းစန်းနုတို့၏သားဖြစ်သူ မောင်ဝေယံမြင့် [၅/မရန(နိုင်)၂၃၃၉၁၉]ကိုင်ဆောင်သူသည် မိဘများ၊ ညီအစ်ကိုမောင်နှမများ၏ ဂုဏ်သိက္ခာကျဆင်းစေသည့် အပြုအမူများ၊ လုပ်ရပ်များပြုလုပ်ခြင်းနှင့် မောင်ဝေယံမြင့် တာဝန်ယူလက်မှတ်ရေးထိုးထားသည့် စာချုပ်စာတမ်းများ၊ ၎င်းနှင့် နှစ်ဦးသဘောတူ လုပ်ကိုင်ဆောင်ရွက်ထားသည့်ကိစ္စရပ်များ၊ ငွေကြေးအရှုပ်အရှင်းများနှင့် လူမှုရေးကိစ္စအသီးသီးအတွက် မိဘ၊ မောင်နှမများမှ မောင်ဝေယံမြင့်ကိုယ်စား တာဝန်ယူဖြေရှင်းပေးသည့်ကိစ္စရပ်များ လုံးဝ (လုံးဝ) ပြုလုပ်ပေးတော့မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဖခင် – ဦးကြည်မြင့်**
**မိခင် – ဒေါ်စန်းစန်းနု**

## "သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း"

ရန်ကုန်မြို့နေ(အဘ) ဦးဝင်းမောင်(ကွယ်လွန်)၊ (အမိ) ဒေါ်အေးအေးဝင်း (၁၂/အလန (နိုင်) ၀၄၂၅၉၃) တို့၏ သားငယ်ဖြစ်သူ မောင်ကောင်းခန့်ကျော် (၁၂/သဃက(ဧည့်)၀၀၀၂၆၁)သည် မိခင်၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိခင်ဖြစ်သူမှ ကျောင်းပညာရေး ဆက်လက်သင်ကြားရန် မြေတောင်မြှောက်ပေးသော်လည်းမနာခံဘဲ မိခင်သဘောမတူ၊ ခွင့်မပြုသောမိန်းကလေးနှင့် အိမ်ထောင်ပြုခြင်း၊ အိမ်ပေါ်မှ၎င်း၏သဘောဖြင့် ဆင်းသွားပြီး မိခင်ဖြစ်သူ စိတ်ဆင်းရဲ စိတ်ထိခိုက်ရသည့်အတွက် အမွေစားအမွေခံသားအဖြစ်မှ အပြီးတိုင်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်သင်းသင်းစု(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၈၉၀၄)**
တိုက်(၈)၊အခန်း(၇)၊တိရိစ္ဆာန်ဥယျာဉ်လမ်း၊ ဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။ ၀၉-၇၉၂၀၉၉၇၈၉

## ဦးတင်ဝင်း (၁၂/ရကန (နိုင်) ၀၂၀၉၀၀) ၏ ညွှန်ကြားချက်အရ ဦးချစ်ကိုကို (ဘဏ်) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၉၅) နှင့် တရားလွှတ်တော်ရှေ့နေ (၃) ဦးတို့၏ "(၃၁-၁၂-၂၀၂၄) ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ (၂၅) တွင် အမှတ် (၃၁/က)၊ မဟာမြိုင်လမ်း၊ ကျွန်းတော (လယ်) ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ အိမ်ခြံမြေနှင့်ပတ်သက်၍ အများသိစေရန် ပြန်လည်ရှင်းလင်းကြော်ငြာချက်"အပေါ် တုံ့ပြန်ရှင်းလင်းခြင်းနှင့် ထပ်မံ၍ အလေးအနက်သတိပေးတားမြစ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ မဟာမြိုင်လမ်း၊ အမှတ် (၃၁/က) တွင် တရားဝင်နေထိုင်သူ ဒေါ်ခင်လေးလေး (၁၂/ကမရ (နိုင်) ၀၅၀၆ရ၄) ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ တုံ့ပြန်ရှင်းလင်းခြင်းနှင့် ထပ်မံ၍ အလေးအနက်သတိပေးတားမြစ်ခြင်းပြုအပ်သည်မှာ -

၁။ ဦးစန်းယု (ကွယ်လွန်သူ) နှင့် ဒေါ်ကျင်သန်း (ကွယ်လွန်သူ) တို့သည် ဗုဒ္ဓဘာသာကိုးကွယ်သည့် တရားဝင်လင်မယားများဖြစ်ကြောင်း၊ ဦးစန်းယု (ကွယ်လွန်သူ) နှင့် ဒေါ်ကျင်သန်း (ကွယ်လွန်သူ) တို့၏ တရားဝင်ပေါင်းသင်းနေထိုင်ခဲ့သည့် အိမ်ထောင်သက်တမ်းတစ်လျှောက်မှ ကွယ်လွန်အနိစ္စရောက်ခဲ့ကြသည့်အချိန်ကာလအထိ "နှစ်ပါးစုံသားရင်းသမီးရင်းတစ်ဦးတစ်ယောက်မျှမွေးဖွားထွန်းကားခဲ့ခြင်းမရှိကြောင်း ဦးတင်ဝင်း နှင့် ဦးနိုင်ဝင်း တို့သည် ဦးစန်းယု (ကွယ်လွန်သူ) နှင့် ဒေါ်ကျင်သန်း (ကွယ်လွန်သူ) တို့၏ "နှစ်ပါးစုံသားရင်း" များမဟုတ်ကြောင်း၊ ထို့အတူ ကိတ္တိမသားသမီးများ အဖြစ်လည်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းဖြင့် မွေးစားထားသူများမဟုတ်ကြောင်း သိရှိနေပါလျက် "သားကြီး" ဟုလည်းကောင်း၊ "သားငယ်" ဟုလည်းကောင်း၊ မိသားစုအခြေအနေအသေးစိတ်မသိသူများ အထင်မှားအမြင်မှားဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် နေ့စဉ်ထုတ်သတင်းစာကြေညာချက်တွင် ဖော်ပြ သုံးနှုန်းနေခြင်းဖြစ်ကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

၂။ ဦးတင်ဝင်း နှင့် ဦးနိုင်ဝင်း တို့တွင် မိရင်း၊ ဖရင်း အရင်းအချာမိဘများရှိနေခဲ့ပါလျက် ၎င်းတို့ကိုင်ဆောင်အသုံးပြုသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားတွင်လည်းကောင်း၊ အိမ်ထောင်စုလူဦးရေစာရင်းတွင်လည်းကောင်း၊ အဖအမည်နေရာတွင် ဖခင် ဦးစန်းယု၊ အမိနေရာတွင် ဒေါ်ကျင်သန်း တို့ အမည်များကို အစိုးရရုံးကိစ္စများ၊ တရားရုံးကျမ်းကျိန်မှုများတွင်လည်း အသုံးပြုဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း ညွှန်ကြားချက်အရ သိရှိခဲ့ရပါသည်။

၃။ ကျွန်ုပ်တို့အား တရားဝင်လွှဲအပ်ညွှန်ကြားချက်ပေးသူ ဒေါ်ခင်လေးလေး နှင့်အတူ နေထိုင်ကြသည့် ဒေါ်ပန်းပွင့်ဖြူ၊ ဦးဇွဲသူရိန်ဝင့်၊ ဒေါ်သန်းသန်းဝင်း၊ မမြတ်အိနှင်းခင်၊ ဒေါ်ဥမ္မာအေး၊ မအိမ့်ပွင့်ဖြူ (၄) နှစ်သမီးတို့သည် အထက်ရည်ညွှန်းခေါင်းစဉ်နေရပ်လိပ်စာတွင် သတင်းစာကြေညာချက်မပြုမီကာလမှ ဤသတင်းစာကြေညာချက်ပြုသည့်ကာလအထိ လူသိရှင်ကြားနေထိုင်ဝင်ထွက်သွားလာနေကြသူများဖြစ်ကြောင်း၊ ဒေါ်ခင်လေးလေး နှင့် ဒေါ်ပန်းပွင့်ဖြူ တို့သည် အထက်ရည်ညွှန်းခေါင်းစဉ်လိပ်စာပါ အိမ်ထောင်စုလူဦးရေစာရင်းပါ ပုဂ္ဂိုလ်များဖြစ်သည့်အပြင် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံရေးသွင်းသည့်ရက်စွဲ (၃-၉-၂၀၁၉) ၏ အိမ်ထောင်စုလူဦးရေစာရင်း (မူရင်း) ဖြင့် တရားဝင်နေထိုင်ကြသူများဖြစ်ကြောင်း ညွှန်ကြားချက်အရနှင့် စာရွက်စာတမ်းအထောက်အထားတို့အရ သိရှိခဲ့ရပါသည်။

၄။ (ကွယ်လွန်သူ) ဦးစန်းယု နှင့် (ကွယ်လွန်သူ) ဒေါ်ကျင်သန်း တို့ တရားဝင်ပေါင်းသင်းနေထိုင်သည့်အချိန်မှစ၍ အသီးသီးကွယ်လွန်အနိစ္စရောက်ရှိသည့်အချိန်အထိ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တိုက်ရိုက်အမွေဆက်ခံသူတစ်ဦးတစ်ယောက်မျှကျန်ရှိခဲ့ခြင်းမရှိ၍ (ကွယ်လွန်သူ) ဦးစန်းယု၊ (ကွယ်လွန်သူ) ဒေါ်ကျင်သန်း တို့ကျန်ရစ်ခဲ့သည့် (၁) မရွှေ့မပြောင်းနိုင်သောပစ္စည်း၊ (၂) ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့်ပတ်သက်၍ ရပိုင်ခွင့်၊ ဆက်ခံပိုင်ဆိုင်ခွင့်ရှိသူဟုယူဆနေသူများဖြစ်သည့် ဦးတင်ဝင်း၊ ဦးနိုင်ဝင်း တို့အနေဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ပါကြောင်းနှင့် ဥပဒေနှင့်မညီ ဆောင်ရွက်လာမှုများအပေါ် ဥပဒေနှင့်အညီ မလွှဲမရှောင်သာပြန်လည်ခုခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံ၍ အလေးအနက်သတိပေးတားမြစ်အပ်ပါသည်။

ညွှန်ကြားချက်အရ -

| ဦးချစ်ကိုကို | ဒေါ်ခင်ဆွေထွန်း | ဦးရာဇာဝင်း | ဦးတင်ထွန်းနိုင် |
|---|---|---|---|
| (စဉ်-၂၈၀၃/၁၉၈၄) | (စဉ် - ၇၉၁၉/၂၀၁၁) | (စဉ် - ၁၄၃၁၇/၂၀၁၈) | (စဉ်-၅၆၁၂၈/၂၀၂၃) |
| တရားလွှတ်တော်ရှေ့နေနှင့်နိုတြီပဗ္ဗလစ် | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁၂၅၂၉၂၄၊ ၀၉-၅၅၈၂၃၀၂၀၊ ၀၉-၅၈၄၉၅၀၃၈၉၊ ၀၉-၄၂၉၆၂၀၁၉၀၊ ၀၉-၅၉၆၅၃၁၅၂၈

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၁၅၃၀၊ ဧရိယာ (၀.၀၅၅)ဧကအနက်မှ တရားဝင်မခွဲမစိတ်ရသေးသောမြေ၏ ခေါင်းရင်းခြမ်း(အလယ်)၊ အကျယ် (၁၃'၄" x ၆၀')၊ မြေအမျိုးအစား-စလစ်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၅၉၆ ၃/၃)၊ ဂရုဏာ(၁)လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဒေါ်အေးအေးချို (N/OKA-၀၄၉၆၄၈) အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ (၂၀-၈-၁၉၉၀) ရက်စွဲပါ အိမ်အရောင်းအဝယ်ကတိစာချုပ်အရ ဦးကျော်ဇေလင်း [၁၂/ဥကမ(နိုင်)၁၆၉၇၄၈] မှ ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကောင်းမြတ်ဇော် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)**
**အမှတ်(၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၅၆-ရပ်ကွက်၊ စိန်ရတနာလမ်း၊ အမှတ်-၁၆၇ ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၁၅၆၊ မြေကွက်အမှတ် - ၁၆၇၊ အကျယ်ပေ (၂၀'x၆၀')၊ မြေအမျိုးအစား - ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေ စာရင်းတွင်ဦးကျော်သန်း[၁၂/သဃက(နိုင်)၀၆၈၆၉၂]အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှအရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးဝင်းကိုကိုထွန်း[၁၂/ဒဂရ(နိုင်)၀၀၃၁၆၂]မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးသန်းဦး (LL.B,D.B.L) | ဦးဟန်လင်းအောင် (LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅) | အထက်တန်းရှေ့နေ(စဉ်-၅၆၆၆၈) |

**အမှတ်(၇၅၁)(ပထမထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ရုံးဖုန်း-၀၉-၈၈၆၆၉၅၉၆၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၉)၊ မြေကွက်အမှတ်(၅၅၆)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ပါမစ်မြေကွက်ဟုခေါ်တွင်သော အမှတ်(၅၅၆)၊ ရွှေကနောင်(၆)လမ်း၊ (၈၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့၊ အကျယ်အဝန်း(၄၀ပေx ၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ စီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမြင့်အောင် အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထား၍ ယခုရောင်းချပိုင်ခွင့်ရှိသူ ဦးနေလင်းစိုး[၉/အမဇ(နိုင်)၀၂၀၈၃၁]အားကျွန်ုပ်တို့၏မိတ်ဆွေ ဦးမောင်မောင်လွင်[၁၂/တမန(နိုင်)၀၀၉၄၀၀]မှ မြေကွက်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါမြေကွက်ကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဒေါ်စိုးစိုးမြင့် LL.B | ဒေါ်အိဖြိုးဇင် LL.B,DBL |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၆၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၇၅) |
| ဖုန်း-၀၉-၄၂၀၃၅၉၆၃ | ဖုန်း-၀၉-၇၉၀၁၂၄၈၀ |

**အမှတ်(၈၆)၊ ၇-လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/၄-နဝဒေး၊ မြေကွက်အမှတ်-၂၇၊ ဧရိယာ(၀.၀၆၄)ဧက၊ မြေကွက်တည်နေရာအမှတ်-၂၇၊ နဝဒေးဥယျာဉ်အိမ်ရာ၊ (၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးအက်စ်မိုးဇက် (KTG-၀၀၃၁၄၄) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးအက်စ်မိုးဇက် [၁၃/ကတန(နိုင်)၀၁၈၂၂၃] (KTG-၀၀၃၁၄၄) ကိုယ်တိုင်မှ နှစ်(၆၀)မြေငှားဂရန်သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်း၊ အဆိုပါမြေငှားဂရန်အား မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်း၊ စွန့်လွှတ်၊ အာမခံတင်သွင်းထားခြင်းမရှိပါကြောင်း ကတိသစ္စာပြုလွှာ၊ ဂရန်ပျောက်ဆုံးကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/၄-နဝဒေး၊ မြေကွက်အမှတ်-၁၊ ဧရိယာ(၀.၀၆၄) ဧက၊ မြေကွက်တည်နေရာအမှတ်-၁၊ နဝဒေးဥယျာဉ်အိမ်ရာ၊ (၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးအက်စ်မိုးဇက် [၁၃/ကတန(နိုင်)၀၁၈၂၂၃] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးအက်စ်မိုးဇက် [၁၃/ကတန(နိုင်)၀၁၈၂၂၃] ကိုယ်တိုင်မှ နှစ်(၆၀)မြေငှားဂရန်သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်း၊ အဆိုပါမြေငှားဂရန်အား မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်း၊ စွန့်လွှတ်၊ အာမခံတင်သွင်းထားခြင်း မရှိပါကြောင်း ကတိသစ္စာပြုလွှာ၊ ဂရန်ပျောက်ဆုံးကြောင်းသက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးတင်မောင်ဝင်း[၁၂/လကန(နိုင်)၁၅၁၆၂၄] အား အကြောင်းကြားတောင်းဆိုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၀/တိုးချဲ့) ရပ်ကွက်၊ မြေကွက်အမှတ် (၂၇၁၅)၊ မြေအကျယ် (၄၀ပေ x၆၀ပေ) မြေကွက်မှာ ဦးမြင့်သန်း အမည်ပေါက် မြေချပါမစ်မြေကွက်အနက်မှ ခြေရင်းဘက်အခြမ်း အကျယ်အဝန်း အလျားxအနံ (၂၀ပေ x ၆၀ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ထံမှတစ်ဆင့် အရပ်ကတိအရောင်းအဝယ် အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်း ကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးတင်မောင်ဝင်း [၁၂/လကန (နိုင်) ၁၅၁၆၂၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးရဲထွန်းနှင့် ဒေါ်ထက်ထက်ဝင်းတို့က (၁၀-၁-၂၀၂၂) ရက်စွဲဖြင့် အပြီးအပိုင်ငွေပေးချေပြီး တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူများ ဖြစ်ပါသည်။

ယခုအခါ အဆိုပါမြေကွက်ပေါ်တွင် ဝါးကပ်များဖြင့်ကာရံထားသည်ကို တွေ့ရှိရပါသည်။ (၁၀-၁-၂၀၂၂) နေ့စွဲစာချုပ်တွင် လူကြီးမင်းကတိပြုထားချက်အတိုင်း အရောင်းအဝယ်ပြုလုပ်သည့် မြေနှင့်ပတ်သက်၍ အရှုပ်အရှင်း နစ်နာဆုံးရှုံးမှုမရှိစေရန် တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံသဘောတူပါသည်။

အဆိုပါစည်းကမ်းချက်မှာ အရောင်းအဝယ်ပဋိညာဉ်ပျက်ကွက်မှု မရှိစေရန် အာမခံချက်တစ်ရပ်အဖြစ် ထည့်သွင်းထားခြင်းဖြစ်ပါသည်။ အဆိုပါ စာချုပ်ပါ လူကြီးမင်းကတိပြုထားချက်အတိုင်း ဆောင်ရွက်ပေးရန် လူကြီး မင်း၏ နေရပ်လိပ်စာတွင် ဆက်သွယ်သော်လည်း ရှာဖွေမတွေ့ရှိသဖြင့် ယခု ကြေညာချက်ပါသည့်အချိန်မှ (၃)ရက်အတွင်း လာရောက်ဆက်သွယ်ရန် အကြောင်းကြားတောင်းဆိုအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ဆက်သွယ်ခြင်းမရှိပါက တရားစွဲဆိုဆောင်ရွက်သွားမည် ဖြစ်ကြောင်း လူကြီးမင်းကိုအကြောင်းကြား အသိပေး အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မီဂင်ဖစ်ရှား B.A, H.G.P, DBL**
**အထက်တန်းရှေ့နေ (စဉ်-၁၀၇၉၂/၁၉၈၄)**
**ဖုန်း-၀၁-၅၅၉၅၄၇၊ ၀၉-၇၃၂၄၄၂၈၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ နယ်မြေ(၁၄)၊ အမှတ်(၁၉)၊ မြို့ပတ်လမ်း၊ ဦးပိုင်အမှတ်(၃၃၊ ၃၄၊ ၃၅)အတွင်းမှ အေးရိပ်မွန်(၃)၊ မြေကွက်အမှတ်(၅၆)၊ (၄၀x၆၀)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်စုစုဟန်(ဘ)ဦးတင့်နိုင် [၁၂/ကတန(နိုင်)၀၈၂၇၇၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချယ်ရီဝင်း[၁၂/ဗတထ(နိုင်)၀၂၇၉၁၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက တိကျခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိဦး (LL.B) (LLM)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၂၀၁၉၇၈၆၊ ၀၉-၇၉၉၂၂၉၁၈၃**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈၊ မြေကွက်အမှတ်-၈၅၃၊ မြေကွက်တည်နေရာအမှတ်-၈၅၃၊ ပြည်ထောင်စုလမ်း၊ ၂၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်မေမျိုးသူ[၁၂/ကမတ(နိုင်)၀၅၇၃၄၆]အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် ဒေါ်မေမျိုးသူ[၁၂/ကမတ (နိုင်)၀၅၇၃၄၆]မှ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၂၀၂၀ ခုနှစ်တွင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံမြေရာဇဝင် လျှောက်ထားထုတ်ယူခဲ့မှုနှင့် ပတ်သက်ပြီး အိမ်အပြောင်းအရွှေ့တွင် နေရာအထားအသိုမှားယွင်း၍ ၎င်း၏လက်ဝယ်၌ပင် ပျောက်ဆုံးသွားခဲ့ပါကြောင်း၊ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်း၊ အခြားသူတစ်ဦးဦးထံသို့ လွှဲပြောင်းထားခြင်း မရှိပါကြောင်း၊ ကျမ်းကျိန်လွှာနှင့်အတူ ရှင်းလင်းတင်ပြလာပါသဖြင့်ဒေါ်မေမျိုးသူ၏ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသူရ[၁၂/လကန(နိုင်)၂၀၇၈၇၅]နှင့် ဒေါ်ခင်မမ [၁၂/သကတ(နိုင်)၀၀၁၁၇၅]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသူရ [၁၂/လကန(နိုင်)၂၀၇၈၇၅]နှင့် ဒေါ်ခင်မမ [၁၂/သကတ(နိုင်)၀၀၁၁၇၅] တို့သည် (၂၄-၇-၂၀၁၈)ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ယခုအခါ နှစ်ဦးနှစ်ဖက် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့သည့်အပြင် ဆက်လက်ပေါင်းသင်းလိုခြင်း ဆန္ဒမရှိတော့ပါသဖြင့် (၂၉-၁၂-၂၀၂၄)ရက်နေ့တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ဖြင့် နှစ်ဖက်အသိသက်သေများရှေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။

ထိုသို့ တရားဝင်ကွာရှင်းပြတ်စဲပြီးသည့်အချိန်မှစ၍ ဦးသူရနှင့် ဒေါ်ခင်မမ တို့သည် စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာကိစ္စအရပ်ရပ်တို့ တွင် တစ်ဦးနှင့် တစ်ဦး လုံးဝ(လုံးဝ)ပတ်သက်စပ်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသူရ [၁၂/လကန(နိုင်)၂၀၇၈၇၅]နှင့် ဒေါ်ခင်မမ[၁၂/သကတ(နိုင်) ၀၀၁၁၇၅] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဆွေဇင်ဦး(LL.B) အထက်တန်းရှေ့နေ (စဉ်-၅၀၉၁၉) (၃၀-၄-၂၀၁၉)**
**အမှတ်(၉၀)၊ ၆-လွှာ၊ ဓမ္မစိန္တာလမ်း၊ ပုသိမ်ညွှန့်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**Ph:09-740954017**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ၇/တိုးချဲ့၊ (၃)လမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းသွယ်၊ အကွက်ငယ်(၁၂၈)၊ (၆၀ ပေ × ၄၀ ပေ)ရှိ ပြေစာအနီအမည်ပေါက် ဦးသောင်းရွှေ (PDG ၀၅၆၇၆၅)ထံမှ ဦးတင်သက်ဝင်း (၁၂/လမန(နိုင်)၀၃၈၈၀၅)အား ၂၀၂၄ ခုနှစ်တွင် နှစ်ဦးသဘောတူ အပြီးအပိုင် အရောင်းအဝယ်စာချုပ်ဖြင့် လက်ဝယ်ရရှိထားသော ကျွန်ုပ်ပိုင် ခြံမြေကွက်ဖြစ်ပါသည်။ ၎င်းခြံမြေကွက်နှင့်ပတ်သက်၍ အမည်ပြောင်းထားခြင်း၊ ပေးကမ်းစွန့်လွှတ်ထားခြင်း၊ GP/SP ပေးခြင်း၊ ပေါင်နှံထားခြင်း၊ လက်လွှဲမည်သူ့ကိုမှ ထပ်ဆင့်ရောင်းချထားခြင်း၊ ငှားရမ်းထားခြင်း လုံးဝ(လုံးဝ)မရှိပါ ကျူးကျော်နေထိုင်သူများနှင့် ၎င်းခြံမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြေညာသည့် နေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထား အပြည့်အစုံ မူရင်းနှင့်တကွ အောက်ဖော်ပြပါ ဖုန်းနံပါတ်မှ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးတင်သက်ဝင်း
၁၂/လမန(နိုင်)၀၃၈၈၀၅
၀၉-၇၇၆၉၄၁၉၆၆

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ (၁/န)တိုးချဲ့၊ (၁၂)လမ်း၊ အကွက်ငယ်(၈၅၇)၊ (၆၀ ပေ × ၄၀ ပေ)ရှိ ပြေစာအနီအမည်ပေါက် ဦးမြဝင်း (HGU ၀၁၅၅၆၈)ထံမှ ဦးတင်သက်ဝင်း (၁၂/လမန(နိုင်)၀၃၈၈၀၅)အား ၂၀၂၄ ခုနှစ်တွင် နှစ်ဦးသဘောတူ အပြီးအပိုင် အရောင်းအဝယ်စာချုပ်ဖြင့် လက်ဝယ်ရရှိထားသော ကျွန်ုပ်ပိုင် ခြံမြေကွက်ဖြစ်ပါသည်။ ၎င်းခြံမြေကွက်နှင့်ပတ်သက်၍ အမည်ပြောင်းထားခြင်း၊ ပေးကမ်းစွန့်လွှတ်ထားခြင်း၊ GP/SP ပေးခြင်း၊ ပေါင်နှံထားခြင်း၊ လက်လွှဲမည်သူ့ကိုမှ ထပ်ဆင့်ရောင်းချထားခြင်း၊ ငှားရမ်းထားခြင်း လုံးဝ(လုံးဝ)မရှိပါ ကျူးကျော်နေထိုင်သူများနှင့် ၎င်းခြံမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထား အပြည့်အစုံ မူရင်းနှင့်တကွ အောက်ဖော်ပြပါ ဖုန်းနံပါတ်မှ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးတင်သက်ဝင်း
၁၂/လမန(နိုင်)၀၃၈၈၀၅
၀၉-၇၇၆၉၄၁၉၆၆

## မဝင့်ဝါလွင်ဖြိုး (၁၄/မအပ (နိုင်) ၂၈၈၂၃၇) နှင့်ပတ်သက်၍ အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ မောင်ရန်ပိုင်ဖြိုးက (၉-၇-၂၀၂၄) ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၄)တွင် ဇနီးဖြစ်သူ မဝင့်ဝါလွင်ဖြိုး နှင့် မည်သို့မျှ မသက်ဆိုင်တော့ပါကြောင်း ကြေညာခဲ့ပြီးဖြစ်ပါ၍ မည်သည့် **Social Media** သုံး၍ မောင်ရန်ပိုင်ဖြိုး၏လက်ရှိ လူမှုရေးကိစ္စရပ်တို့တွင် စိတ်အနှောင့်အယှက်ဖြစ်စေသော ခြိမ်းခြောက်ပြောဆိုမှုများမည်သူမျှ မပြုလုပ်ရန်တားမြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးကျော်ထွန်း (B.A (Law) ; LLB)
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၉၀၅/၂၀၀၁)
အမှတ် (၅၆၄)၊ (ဒုတိယထပ်)၊ (၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၃၁၁၁၅၂၅

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၂) ရပ်ကွက်၊ အောင်ဓမ္မရိပ်သာလမ်း၊ အမှတ် (၁၃၁) နေ ဦးထွန်းထွန်းဦး ၁၂/စခန(နိုင်) ၀၁၉၈၇၈ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာ ရရှိသူ ကျွန်ုပ်၏ မိတ်ဆွေ ဦးရဲထွန်းဦး ၁၂/စခန(နိုင်) ၀၄၁၁၁၆ က အောက်ပါအတိုင်း အများသိစေရန် ကြေညာ အပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး ၊ တောင်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ သီလလမ်း၊ အိမ်အမှတ် (၃၄၈) ရှိ (၂) ခန်းတွဲ (၈) ထပ် အဆောက်အဦး၏ (၆) ထပ် (ဝဲ) ဘက်ခြမ်း၊(A-007) အခန်း ဧရိယာအကျယ်အဝန်း (၁၇ ပေ × ၅၃ ပေ) အခန်းကို တိုက်ခန်းရောင်းချသူ ဒေါ်တင်မိုးမိုးထွဏ်း (ယုန်မင်းဆောက်လုပ်ရေး) ထံမှ ဦးထွန်းထွန်းဦး က (၅.၁၀.၂၀၁၆) ရက်စွဲပါ တည်ဆောက်ဆဲ ကာလ၌ တိုက်ခန်းကို အရစ်ကျ ငွေပေးချေ စနစ်ဖြင့် ရောင်းချခြင်းဆိုင်ရာ နှစ်ဦးသဘောတူစရံငွေပေးစာချုပ် ချုပ်ဆိုပြီး ကျပ်သိန်း (၅၀၀) ဖြင့်ဝယ်ယူရာတွင် ကျပ်သိန်း (၄၅၀) ပေးသွင်းထားရှိပြီးဖြစ်ပါ၍ မည်သူမဆိုအဆိုပါအခန်းအား ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံပြုခြင်း၊ တနည်းနည်းဖြင့်လွှဲပြောင်းခြင်းများ မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးရဲထွန်းဦး

လွှဲအပ်ညွှန်ကြားချက်အရ
ဦးကျော်ထွန်း(B.A (Law),LL.B
တရားလွှတ်တော်ရှေ့နေစဉ် - ၆၉၀၅/၂၀၀၁

အမှတ် (၅၆၄)၊ (ဒုတိယ) ထပ်၊ (၆) လမ်း(၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

## ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ လူနေရပ်ကွက်အမှတ်(ကံဘဲ့)၊ မြေကွက်အမှတ် (၃၅၀)၊ ဧရိယာ(၀.၀၁၈)ဧကရှိ ဦးမောင်ကြီး[၁၂/ရကန(နိုင်)၀၃၁၇၉၈] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ် (၆၂)၊ ပိတောက်မြိုင်လမ်း၊ (၉)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သော အဆောက်အအုံတို့နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်တို့ကို တရားဝင်လက်ဝယ်ထားရှိ ပိုင်ဆိုင်သဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဒေါ်လှလှရီ [၁၂/သဃက(နိုင်)၁၆၈၉၅၃]** ထံမှ အပြီးအပိုင် လက်ရောက်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းအပေါ် တရားဝင် အကျိုးသက်ဆိုင်သူဖြစ်ပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်နိုင်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်နိုင်ဝင်း** | **ဒေါ်တင်တင်ခိုင်** |
| **LL.B, D.I.L** | **LL.B, D.B.L, D.M.L, D.I.L** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၁၉)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၀၈)** |

**အမှတ်(၁၃/ခ)၊ ၈-လမ်း၊ (၃/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။**
**ဖုန်း - ၀၉-၄၄၈၀၂၅၉၉၃၊ ၀၉-၉၇၈၉၄၀၀၆၆**

## ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လိပ်ပွတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၆၇)B/ခ၊ ကွင်းအမည် (ကင်ပလင်းတောင်)၊ ဦးပိုင်အမှတ်(၂၈/၂)၊ ဧရိယာ(၂.၅၅)ဧကအကျယ်ရှိ ဒေါ်ညိုညိုစိမ့် အမည်ပေါက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ ၇) ထွက်ရှိထားသော လယ်မြေ၏ လုပ်ပိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

အထက်ပါလယ်မြေကွက်အား လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ပုံစံ(၇)အမည်ပေါက် ဒေါ်ညိုညိုစိမ့်[၁၀/သထန(နိုင်)၁၀၉၃၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ လယ်မြေကွက် ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤလယ်မြေကွက် အရောင်းအဝယ်ကို ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်အေးစန္ဒာမင်း၏ လွှဲအပ်ရန်ညွှန်ကြားချက်အရ -**
**ဒေါ်ငြိမ်းငြိမ်း(LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၉၇)**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၅၂၈၆၀၄၂၊ ၀၉-၇၆၀၈၁၁၇၇၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အောင်ချမ်းသာတိုးချဲ့(အေးသာယာ)ရပ်ကွက်၊ ဗဟို(၃၁)လမ်း၊ L.76 ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၄၀ ပေ x အနံ ၆၀ ပေ) အကျယ်ရှိ ဦးတင်မြင့်လေး အမည်ပေါက် စလစ်မြေအမျိုးအစား (အရှေ့လှည့်) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသော ဦးမျိုးသက် [၈/ခမန(နိုင်)၁၃၄၉၆၉] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်လဲ့ပြုံး [၁၁/ရသတ(နိုင်)၀၅၇၃၆၄] နှင့် ဒေါ်အိသန္တာစိုး [၁၂/ကခက (နိုင်)၀၇၈၆၉၄]တို့မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါမြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါပြီး (၁၄)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်အား တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**

| | |
|---|---|
| **ဦးကျော်ဇေယျ(LL.B)** | **ဒေါ်နော်ဆည်းဇာ (LL.B)** |
| **(စဉ် ၁၃၁၈၁/၁၇)** | **(စဉ် ၁၂၆၃၇/၁၇)** |
| **ဒေါ်မြင့်မြင့်သန်း (LL.M)** | **ဒေါ်ဝေမာနွယ် (LL.B)** |
| **(စဉ် ၁၃၂၄၀/၁၇)** | **(စဉ် ၁၄၇၁၁/၁၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၉)၊ သိပ္ပံလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၀၅၁၇၃၇၅၈**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၁)၊ စက်မှုကြွေမြေလမ်း၊ မြေကွက်အမှတ်(၁၁၃၅/ခ)တွင် တည်ရှိသော ဒေါ်တင်တင်ဝင်း[၁၂/တမန(နိုင်)၀၅၀၀၄၉] အမည်ပေါက် (အလျား ၂၀ပေXအနံ ၆၀)ပေ၊ စတုရန်း (၁၂၀၀)ပေ အကျယ်အဝန်းရှိသည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ၂-ထပ်တိုက် အဆောက်အဦ** အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဂရန်အမည်ပေါက်ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိပါကြောင်း ရောင်းချသူ ဒေါ်ညွန့်ညွန့်ဝင်း[၁၂/စခန(နိုင်)၀၂၁၇၈၁]မှ ဝန်ခံပြောဆိုလျက်ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်ထားစုလှိုင် [၈/တတက(နိုင်)၁၇၁၁၉၇] မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ထားစုလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သီတာဆွေ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်- ၃၁၄၇၂)**
**အမှတ်(၄၅)၊ ခနသိန္ဓိလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၇၉၂၉၈၀၆၀၂**

## (၈-၁-၂၀၂၅) ရက်စွဲ ကြေးမုံသတင်းစာ စာမျက်နှာ(၁၉)ပါ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်းနှင့် ပတ်သက်၍ မခင်မြတ်မွန်သိန်း [၁၂/ဒဂတ(နိုင်)၁၀၅၇၅၉]နှင့် အများသိစေရန် ပြန်လည်ဖြေရှင်းခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ကိုဝေလင်းမြတ် [၁၃/တကန(နိုင်)၁၉၃၅၀၈]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ ကိုဝေလင်းမြတ်နှင့် မခင်မြတ်မွန်သိန်း တို့သည် (၂၄-၁၀-၂၀၂၄) ရက်နေ့မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ယခုနောက်ပိုင်းတွင် ကျွန်ုပ်မိတ်ဆွေဖြစ်သူနှင့် မခင်မြတ်မွန်သိန်း တို့သည် မကြာခဏဆိုသလို အချင်းများမှုများကြောင့် စိတ်သဘောထားကွဲလွဲမှုများဖြစ် ပေါ်ကာ (၈-၁-၂၀၂၅) ရက် ကြေးမုံသတင်းစာပါ ကြေညာချက်များသည် ကျွန်ုပ်မိတ်ဆွေ ဖြစ်သူ၏ တစ်ဖက်သတ် ကြေညာချက်များသာဖြစ်သောကြောင့် ယင်းနေ့ကြေညာချက် အား ပြန်လည်ရုပ်သိမ်းကြောင်းနှင့် ယခုအခါ ကျွန်ုပ်မိတ်ဆွေဖြစ်သူအနေဖြင့် မခင်မြတ်မွန်သိန်းနှင့် ကွာရှင်းရန်ကိစ္စရပ်များအား နှစ်ဖက်သောအကျိုးဆောင်ရှေ့နေများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူနှင့် အများသိစေရန် ပြန်လည်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပြုံးမာလွင် (LL.B) အထက်တန်းရှေ့နေ(စဉ်-၄၇၅၃၀/၁၆)**
**အမှတ်(၇၃)၊ ဗိုလ်ဇင်ယော်လမ်း၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ သန်လျင်မြို့၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၅၀၈၄၆၆၁၁၊ ၀၉-၇၇၀၁၇၉၁၈၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈)၊ မြေကွက်အမှတ်(၉၀၀)၊ မြေကွက်တည်နေရာအမှတ်(၁၈၆)၊ ပုလဲရတနာလမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံတောင် ဦးတင်လှိုင် (CG-051863)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးတင်လှိုင်ဖြစ်ပြီး ၁။ ဦးတင်လှိုင်၊ ၂။ ဦးဝင်းနိုင်၊ ၃။ ဦးသန်းထွန်းအောင် တို့အား တရားပြိုင်များထားကာ ဒဂုံမြို့သစ်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၅၃၁/၂၀၂၂ ခုနှစ်တွင် ဒေါ်သီတာလွင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်မာလာသန်း)မှ တရားလိုပြုလုပ်၍ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈၊ မြေကွက်အမှတ်(၉၀၀)၊ ဧရိယာ(၀.၀၅၅) ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်၊ လူနေရပ်ကွက်အမှတ် (၁၈)၊ ပုလဲရတနာလမ်း၊ အမှတ်(၁၈၆)ဟုခေါ်တွင်သော အကျယ်အဝန်း အလျား (၆၀)ပေ x အနံ (၄၀)ပေရှိသည့်အနက်မှ မခွဲစိတ်ရသေးသော အလျား (၆၀)ပေ x အနံ (၂၀)ပေ ခေါင်းရင်းဘက်ခြမ်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို "ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" ဖြင့် တရားစွဲဆိုခဲ့ရာ (၁၀-၃-၂၀၂၃)ခုနှစ်တွင် အနိုင်ဒီကရီချမှတ်ခဲ့ပြီး တရားမဇာရီမှုအမှတ်-၄၇/၂၀၂၃ ၏ နေ့စဉ်မှတ်တမ်း၊ (၆-၇-၂၀၂၃)ခုနှစ်တွင် ဘီလစ်ခန့်အပ်ရန်ချမှတ်သည့် ထုံးပုံကျ အပြီးသတ်အမိန့် ၁။ ဦးတင်လှိုင်၊ ၂။ ဦးဝင်းနိုင်၊ ၃။ ဦးသန်းထွန်းအောင် တို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်-၇၇၆၂/၂၀၂၄(၁၁-၉-၂၀၂၄) ဖြင့် ပိုင်ဆိုင်သူ ဒေါ်သီတာလွင် [၁၂/တမန(နိုင်)၀၁၃၇၈၅]မှ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ တရားရုံးအမိန့်၊ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်၊ အမြတ်ခွန်ပြေစာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ တစ်ဖက်သတ်မြေကွက်ခွဲစိတ်ခွင့်ပြုပါရန် ဝင်စာတို့တင်ပြ၍ မြေကွက်ခွဲ မြေပုံကူး/မြေတိုင်း လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြရပ်ကွက်၊ ခရေလမ်းနှင့် စံပြ(၃)လမ်းထောင့်၊ အမှတ်(၇၆)၊ ဧရိယာအကျယ် (၈၀ပေx ၆၅ပေ)ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးကျော်ပု HGU 036761 အမည်ဖြင့် နှစ်(၆၀)ဂရန်မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်ကို ဂရန်အမည်ပေါက်ထံမှ အရောင်းအဝယ်အရပ်ကတိဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးဝင်း [၁၂/သဃက(နိုင်)၀၁၂၇၁၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သရဖီ [၁၂/ဥကတ(နိုင်)၁၅၆၁၇၈] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချမှုကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်အောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၂၅၅၅)**
**အမှတ်(၁၆၄၃)၊ သိပ္ပံမောင်ဝလမ်း၊ ၄၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၅၀၆၀၄၃**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ တိုက်အမှတ် (၁၁၆၆)၊ ၄-လွှာ (ခေါင်းရင်းခန်း) တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ပန်းအိအိစံ [၁၂/လမန(နိုင်)၁၃၂၅၁၈] ထံမှ (၁၁-၁-၂၀၂၅) ရက်နေ့တွင် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါသည်။ ဤတိုက်ခန်းအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများယူဆောင်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မီမီအေး (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၈၄၃)**
**အမှတ်(၈၃/၁၀)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၃၁၀၁၈၀၁၃**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မာန်ပြေ(၁၂)လမ်း၊ (၃)ရပ်ကွက်၊ အမှတ်(၄၉၃)နေ ဒေါ်သန်းသန်းအေး [၁၂/ကတတ(နိုင်)၀၁၁၄၀၃] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်-

ဒေါ်သန်းသန်းအေး၏သားဖြစ်သူ ကျော်ဇင်ထွဋ် (ဘ)ဦးမြင့်ဦး [၈/ဆလန(နိုင်)၁၄၁၀၁၁] သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိခင်ဖြစ်သူအား စိတ်ဆင်းရဲအောင်နှင့် မိခင်ဖြစ်သူ၏ သဘောတူညီမှုမရှိဘဲ ၎င်း၏ဆန္ဒအတိုင်း ပြုမူဆောင်ရွက်သွားသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း၊ ၎င်းနှင့်သက်ဆိုင်သောကိစ္စအဝဝအား မိခင်ဖြစ်သူမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနန္ဒ (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၂၅၄၂/၁၇)**
**အမှတ်(၅)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်(တရားရုံးအနီး)။**
**ဖုန်း-၀၉-၄၄၄၆၇၀၇၀၇**

## Asia Surpass Co.,Ltd. မှ ဒါရိုက်တာများဖြစ်ကြသည့် MR. Lei Yunjia Passport No. EF 0848027၊ MR.WANG YUE PENG Passport No-EG-5839986 နှင့် သက်ဆိုင်သူများ သိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ River View Garden ပင်လုံအိမ်ရာအပိုင်း(၄)၊ အမှတ်(၄၂/၆)တွင်နေထိုင်သည့် ကျွန်ုပ်မိတ်ဆွေ ဦးကျော်မင်းထွန်း (ဒါရိုက်တာ)Golden Unicon International Trading Co.,Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

လူကြီးမင်းတို့ (MR.Lei Yunjia, MR.WANG YUE PENG) တို့သည် ရန်ကုန်မြို့ရှိ The Central ပရောဂျက်တွင် "Building R8" စီမံကိန်း၏ ကန်ထရိုက်တာဖြစ်ပြီး ပရောဂျက်အတွက်လိုအပ်သည့် သံမဏိပစ္စည်းများကို Mottama Co.,Ltd.မှ ဝယ်ယူခဲ့ပြီး ကျသင့်ငွေ အမေရိကန်ဒေါ်လာ ၂၂၅,၇၀၀ ကို ပေးချေနိုင်ခြင်းမရှိ၍ Mottama Co.,Ltd. သို့ လူကြီးမင်းတို့ကိုယ်စား ကျွန်ုပ်မိတ်ဆွေကုမ္ပဏီမှ စိုက်ထုတ်ပေးချေရန်နှင့် ဝန်ဆောင်မှုစရိတ်အဖြစ် အမေရိကန်ဒေါ်လာ ၅၀,၆၉၀ ကို လူကြီးမင်းတို့က ကျွန်ုပ်မိတ်ဆွေကုမ္ပဏီသို့ ပေးအပ်ရန်သဘောတူညီပြီး **(၂၂-၁၁-၂၀၂၃)ရက်နေ့တွင် "ငွေပေးချေမှုဝန်ဆောင်ခြင်းကတိစာချုပ်"** ကို ချုပ်ဆိုခဲ့ကြပါသည်။

အဆိုပါစာချုပ်တွင် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီမှ Mottama Co.,Ltd. သို့ လူကြီးမင်းတို့ပေးချေရမည့် သံမဏိပစ္စည်းများ တန်ဖိုးငွေ ဒေါ်လာ ၂၂၅,၇၀၀ ပေးချေသည့် ဘောက်ချာလက်ခံရရှိပြီး ရက်ပေါင်း ၉၀ အတွင်း ပေးချေခဲ့သည့်ငွေနှင့် ဝန်ဆောင်မှုစရိတ် ၅၀,၆၉၀ အပါအဝင် စုစုပေါင်းဒေါ်လာ ၂၇၆,၃၉၀ ကို လူကြီးမင်းတို့မှ ကျွန်ုပ်မိတ်ဆွေကုမ္ပဏီသို့ ပြန်လည်ပေးသွင်းရန်နှင့် ထိုသို့ပေးချေရန် ပျက်ကွက်ပါက ငွေပေးချေသည့်နေ့အထိ တစ်လကြွေးကျန်ငွေ၏ (၃%)ဖြင့် တွက်ချက်မည်ဖြစ်ကြောင်း သဘောတူညီခဲ့ကြ၍ လူကြီးမင်းတို့က Mottama Co.,Ltd. သို့ ပေးချေရမည့်ငွေကို ကျွန်ုပ်မိတ်ဆွေကုမ္ပဏီမှ ပေးချေခဲ့ပြီးဖြစ်သော်လည်း လူကြီးမင်းတို့မှ ကျွန်ုပ်မိတ်ဆွေကုမ္ပဏီသို့ ယနေ့ချိန်ထိ ငွေပြန်လည်ပေးသွင်းရန် ပျက်ကွက်နေခဲ့ပါသည်။

လူကြီးမင်းတို့နှင့် ကျွန်ုပ်မိတ်ဆွေတို့ (၂၂- ၁၁-၂၀၂၃)ရက်နေ့စွဲပါစာချုပ် ချုပ်ဆိုစဉ်က MR. WANG YUE PENG ပိုင်ဆိုင်သည့် ကံဘဲ့တာဝါရှိ တိုက်(၁)၊ အခန်း D 1905 နှင့် ရန်ကင်းမြို့နယ်၊ Golden City အိမ်ရာရှိ B7-29-03 ကွန်ဒိုတိုက်ခန်းနှစ်ခန်း၏ အိမ်ရာပိုင်ဆိုင်မှု Owner Book မူရင်းများကို ကျွန်ုပ်မိတ်ဆွေထံ ပေးအပ်ခဲ့သော်လည်း ကံဘဲ့တာဝါမှအခန်းကို လူကြီးမင်းမှ Owner Book ပျောက်ဆုံးကြောင်း လိမ်လည်တင်ပြပြီး Owner Book အသစ်လျှောက်ထားရယူကာ အခြားသူထံ ရောင်းချခဲ့သည့်ကိစ္စ ပေါ်ပေါက်ခဲ့ပါသည်။

အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေမှ ရန်ကင်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ တင်ပြခဲ့ရာ (၂၉-၁၂-၂၀၂၄)ရက်နေ့တွင် MR. WANG YUE PENG လာရောက်ပြီး MR.Lei Yunjia တရုတ်ပြည်သို့ ခေတ္တပြန်နေကြောင်းပြောပြီး ကျွန်ုပ်မိတ်ဆွေနှင့် တွေ့ဆုံဖြေရှင်းခဲ့ရာ (၂- ၁-၂၀၂၅) ရက်နေ့တွင် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီသို့ ပေးသွင်းရမည့်ငွေ၏ လေးပုံတစ်ပုံကို MR.WANG YUE PENG က ပေးသွင်းမည်ဟု ပြောဆိုခဲ့သော်လည်း ပေးသွင်းနိုင်ခြင်းမရှိ၍ (၁၂-၁-၂၀၂၅) ရက်နေ့သို့ ပြန်လည်ချိန်းဆိုသော်လည်း လာရောက်ရန်ပျက်ကွက်ခဲ့ပါသည်။ ရှေ့နေမှတစ်ဆင့် အကြောင်းကြားစာပေးပို့ခဲ့သော်လည်း ပြန်ကြားခဲ့ခြင်းမရှိပါ။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေကုမ္ပဏီနှင့် လူကြီးမင်းတို့ချုပ်ဆိုခဲ့သည့် (၂၂-၁၁-၂၀၂၃)ရက်နေ့စွဲပါ စာချုပ်အရ MR. WANG YUE PENG အမည်ပေါက်ပိုင်ဆိုင်သည့် Golden City အိမ်ရာရှိ B7-29-03 အခန်းကို ကျွန်ုပ်မိတ်ဆွေသိရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းများ လုံးဝမပြုလုပ်ရန်နှင့် ဤကြော်ငြာစာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေကုမ္ပဏီသို့ လူကြီးမင်းတို့ပေးသွင်းရမည့်ငွေကို လာရောက်ပေးသွင်းရန် ပျက်ကွက်ခဲ့ပါက MR. WANG YUE PENG ၏အခန်းကို ကျွန်ုပ်မိတ်ဆွေကုမ္ပဏီမှ ရောင်းချမည်ဖြစ်ကြောင်းနှင့် လိုအပ်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးနန္ဒ (LL.B, D.B.L, D.I.L )** | **ဦးဇေယျာထွန်းတင်(ခ)ဦးဇေယျာထွန်း( LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၅၄၂/၁၇)** | **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၄၅၄/၂၃)** |
| **ဖုန်း- ၀၉-၄၄၄၆၇၀၇၀၇** | **ဖုန်း- ၀၉-၆၉၉၁၉၂၆၅၉** |

**အခန်း(၅)၊ သမာဓိလမ်း၊ ဆ/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် (တရားရုံးအနီး)။**

# ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို)ဖြစ်ရမည်။

( ခ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

( ဂ ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

( င ) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

( စ ) ဘွဲ့လက်မှတ်(မူရင်း)နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီး သူများအနေဖြင့် ၂၇ နှစ် အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ် အထိလည်းကောင်း လျှောက်ထားနိုင်သည်။

( ဇ ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

( ဈ ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံ တို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၁၈ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်း ခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

**ရန်ကုန်မြို့၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၃)စိုက်ပျိုးရေးလမ်း၊မြေကွက်အမှတ်(၇၃၇)၊အကျယ်အဝန်း(၄၀× ၆၀)ပေရှိဦးစောမောင်(AA၀၁၁၇၀၃)(၁၂/သဃက(နိုင်)၀၆၄၄၂၃)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်နေအိမ်**

**အရောင်းအဝယ်အားကန့်ကွက်နိုင်ပါကြောင်း။**

အထက်ဖော်ပြပါမြေနှင့်အိမ်အား နှစ်(၆၀)မြေငှားဂရန်တွင် ဦးစောမောင် (AA-၀၁၁၇၀၃) အမည်ဖြင့် တရားဝင်မှတ်သားထားပြီး မြေအမည်ပေါက်ကိုယ်တိုင်မှအရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ရှိထားပိုင်ဆိုင်လျှက်ရှိကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)အချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါကဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်နွယ်နီအေး(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၃၉)
အမှတ်(၃/၃၀၄)၊ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၂၂၁၀၈၀၇



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရွှေခင်းသာရပ်ကွက်၊ ရွှေခင်းသာအိမ်ရာ၊ ခရေလမ်း၊ တိုက်အမှတ် (B-11)၊ အခန်းအမှတ် - ၅၀၁ (၆ လွှာ)၊ အကျယ်အဝန်း (၆၆၀) စတုရန်းပေရှိရေ၊ မီး စုံ တိုက်ခန်း (၁) ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ထံမှ အရောင်းအဝယ်ဆက်စပ် စာချုပ်များဖြင့်ဝယ်ယူပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းစန်းခိုင် [၁၂/ဥကတ(နိုင်)၁၀၁၂၂၉]မှ ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇေယျာမျိုး [၁၄/ပသန(နိုင်)၁၆၉၀၁၄]နှင့် ဒေါ်ခက်ခက်နိုင် [၁၂/ကတန(နိုင်)၀၈၀၉၄၂]တို့က စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားချက်အရ)**
**ဒေါ်ယုယုနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၅၅၈)**
**အမှတ်(၁၀၁၅/ဘီ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၄)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၄၅၀၀၆၅၂၇၃**



## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ အေးစေတီလမ်း၊ အမှတ်- ၂၆၄၊ အကျယ်အဝန်း (၂၅x၅၀)ပေရှိ သုံးထပ်ခွဲ နှစ်ခန်းတွဲတိုက်မှ (၁၂ခွဲx ၅၀)ပေအကျယ်အဝန်းရှိ ခေါင်းရင်းခြမ်း(မြေညီ)နှင့်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဖခင် ဦးအောင်ထွန်းမှ (၈-၁-၂၀၂၅) ရက်နေ့တွင် ဒေါ်မြတ်နိုးသူတို့ မောင်နှမ(၃)ဦးထံ မေတ္တာဖြင့် အမွေခွဲဝေပေးအပ်ခြင်းစာချုပ်ဖြင့် ရထိုက်သည့်အမွေဝေစုအား ပေးအပ်ခဲ့သဖြင့် လက်ရှိထားပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေများသိရှိခြင်းမရှိဘဲ ထပ်ဆင့်ပေါင်နှံ၊ ပေးကမ်း၊ ရောင်းချ၊ လွှဲပြောင်း၊ တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေများနှင့် လုံးဝသက်ဆိုင်မှုမရှိပါကြောင်း၊ အဆိုပါကိစ္စရပ်များ ပေါ်ပေါက်လာပါကလည်း ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်းနှင့် ပြုလုပ်သူ မည်သူကိုမဆို တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုမြတ်လွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၁၉/၂၀၂၁)**
**အမှတ်- ၂၃၈၅/က၊ ဇေယျဝတီ၄-လမ်း၊ ၁၀/တောင်(၁၂)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၆၅၇၈၄၆၈၈**


## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၆

**၁။ ဒေါ်ကျင်းငိုက်လွန်း နှင့် ဦးကျော်ရင်**
**၂။ ဒေါ်မေလွင်ခိုင်**
**(တရားလိုများ) (တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ သဒ္ဒါရုံလမ်း၊ အမှတ်(၅၂၈)နေ ဦးကျော်ရင် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။**

သင့်အပေါ်၌တရားလိုများက **"ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ၉ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက် ကြိုတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

# သီလရှင်ဆရာလေး ဒေါ်ခေမာဝတီ(ခ)ဒေါ်ခင်နွဲ့(ခ)ဒေါ်ခင်ခင်အေး
# (မင်းရွာသိင်္ဂါဒီပခြံ)
# သိက္ခာတော်(၂၇)ဝါ၊ သက်တော်(၈၂)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မော်လမြိုင်ကျွန်းလမ်းနှင့် သော်က(၁၄)လမ်းထောင့်၊ အိမ်အမှတ်(၅၄၁၈ ဃ)နေ (ဦးချစ်ခိုင်၊ ဦးရှိန်-ဒေါ်ရီ)တို့၏ သမီးကြီး၊ (ဗိုလ်မှူးအောင်ချစ်-ငြိမ်း)၏ ဇနီး၊ (ဦးစိန်ထွန်းအောင်)-ဒေါ်နီနီဝင်း၊ ဦးသက်ထွန်းနိုင်-ဒေါ်စိမ့်စိမ့်မို့ဆန်၊ ဦးအေးကျော်-ဒေါ်မိုးသီတာအောင်ချစ်တို့၏ ချစ်လှစွာသော မိခင်၊ မြေး(၈)ယောက်၊ မြစ်(၅)ယောက်တို့၏ အဘွား သီလရှင်ဆရာလေး ဒေါ်ခေမာဝတီ(ခ) ဒေါ်ခင်နွဲ့(ခ)ဒေါ်ခင်ခင်အေးသည် ၁၆-၁-၂၀၂၅(ကြာသပတေးနေ့) နံနက် ၁၀:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု


## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်စက်မှုဇုန်ရပ်ကွက်၊ မြေကွက်အမှတ် (၃၁- A) ဟုခေါ်တွင်သော (၁၀၅' ၁၁'' / ၁၀၅' ၉'' x ၄၁၄' / ၄၁၉' ၆'')၊ (၄၄၁၀၄) စတုရန်းပေ၊ (၁. ၀၁၂)ဧကအကျယ်ရှိ နှစ်(၆၀)မြေငှားဂရန် မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခုရောင်းချသူ ဒေါ်မေမြတ်ကျော် [၇/ပခန(နိုင်) ၂၁၅၀၂၆]က ဂရန်အမည်ပေါက် လက်ဝယ်ရရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်နှင့် အဆောက်အအုံတို့၏ အကျိုးခံစားခွင့်အရပ်ရပ် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့် အဆောက်အအုံတို့နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစွမ်းထက်ပိုင်** | **ဒေါ်ပိုးဇာနည်ဝင်း** |
| **LL.B, DBL, DIL, MA(Business Law)** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၀၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၀၅၉၅)** |
| **ဖုန်း -၀၉-၄၃၀၉၄၆၇၂** | **ဖုန်း -၀၉-၇၉၉၈၉၀၄၉၂** |

**တိုက်(၁၄)၊ အခန်း (B-1 / B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရန်ကုန်သစ်၊ မြေကွက်အမှတ်(၁၀၀၂/ခ)၊ မြေကွက်တည်နေရာအမှတ်(၈/ခ)၊ အနန္တမေတ္တာလမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဦးတင်ထွန်း) [၁၂/သဃက(နိုင်)၀၈၈၂၅၃] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်ထွန်း (ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်စောသန်း [၁၂/သဃက(နိုင်)၀၈၈၀၇၈]မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့်တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာအမှတ်-၉၀၁/၂၀၂၄(၃၀-၁၀-၂၀၂၄)၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၈/ဘုရင့်နောင်၊ ဦးပိုင်အမှတ်(၃၇ ခ)၊ ဧရိယာ(၀.၀၉၈)ဧကရှိ ဦးမောင်မောင်တာ(ဘ)ဦးသိုက်ထွန်း နိုင်ငံသားစိစစ်ရေးအမှတ် [၁၃/မယတ(နိုင်)၀၀၀၅၈၉]အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား ဒေါ်လှလှငွေး(ဘ)ဦးသန်းလင်း နိုင်ငံသားစိစစ်ရေးအမှတ် [၅/မရန(နိုင်)၀၂၅၈၇၅]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်- ၉/မစိုးရိမ်တောင်၊ ဦးပိုင်အမှတ် (၆ ဆ၊ ၇ က၊ ၈ က)၊ ဧရိယာ (၁.၂၀၉၉)ဧကရှိ ဦးဘိုးစွန်း အမည်ပေါက် ဘိုးဘပိုင် မြေကွက်အား ဦးကျော်သန်း [၁၃/လရန (နိုင်) ၀၀၆၁၁၅]မှ အရောင်းအဝယ်စာချုပ်၊ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်ဆိုချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး **အဆောက်အဦ ဆောက်လုပ်မိန့် တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန်** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေပုံ/ မြေရာဇဝင် ရေးကူးခွင့်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**


# စာအုပ်စာပေ လူ့မိတ်ဆွေ



## ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၄၂-စက်မှု၊ မြေကွက်အမှတ် - ၂၆၁၊ (အလျား ၇၉'x အနံ ၁၃၆'. ၆'')၊ ဧရိယာ (၀. ၂၄၇)ဧက၊ (၁၀၇၈၃)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အမှတ် (၂၆၁)၊ ကနောင်မင်းသားကြီးလမ်း၊ (၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်ဟုခေါ်တွင်သော မြေနှင့်အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက် ဦးအောင်မျိုးဝင်း (၇/နတလ(နိုင်) ၀၈၉၉၇၅)ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အဆောက်အဦးအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာသည့်နေ့မှ ( ၁၄ ) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက မြေနှင့်အဆောက်အဦးအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်ဇင်မာသက် LL.B | ဒေါ်ဂါဝါလှိုင် LL.B |
| တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၅၇၇) | တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၅၆၅၀) |

အမှတ်-၅၀၊ အခန်း (A-၂၀)၊ ပ-ထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း ၀၉-၄၂၅၀၂၅၃၈၂၊ ၀၉ ၄၂၀၀၆၃၄၉၉



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁-အေ)၊ ချမ်းသာရွှေပြည်အိမ်ရာ၊ မြို့တော်(၃)လမ်း၊ မြေကွက်အမှတ် (5-B)၊ (၀.၁၁၇)ဧက အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နွဲ့မူ [၁၂/ဥကတ (နိုင်) ၀၇၈၁၃၁]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **LL.B, D.B.L, D.I.L, D.M.L,** |
| **Ph: 09-954280932** | **WIPO(Switzerland)** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်** | **Ph: 09-420080932, 09-983837110** |



**ရန်ကုန်မြို့၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/တပင်ရွှေထီး၊ မြေကွက်အမှတ်-၁၀၉/ခ၊ ဧရိယာအလျား(၂၀)ပေ x အနံ(၆၀)ပေရှိ ဦးဝင်းမောင်(C/RGN-၀၀၈၇၂၀)အမည်ပေါက်ပါမစ်မြေကွက်အပါအဝင်အကျိုးခံစားခွင့်နှင့်ပတ်သက်၍ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါမြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အားအမည်ပေါက်ပိုင်ဆိုင်ပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးဝင်းမောင် (၁၂/ဒလန (နိုင်) ၀၂၀၀၇၉) (C/RGN - ၀၀၈၇၂၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မို့မို့မြင့်မော် (၁၂/ဒလန (နိုင် ) ၁၄၁၈၆၅) ကအပြီးအပိုင်ဝယ်ယူရန်စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါကကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်းစာချုပ်စာတမ်း(မူရင်း)များနှင့်တကွကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စန်းစန်းမော် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် – ၆၄၈၇/၉၇)
အမှတ်-၅၀၊ပ-ထပ်၊အခန်း (D-2)၊ ဘဏ်လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၉၃၈၈၄

## ဒေါ်ခင်မြင့်မြင့်
### အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီရပ်ကွက်နေ (ဦးချစ်လှိုင်-ဒေါ်သန်းခင်)တို့၏သမီး၊ (ဦးဌေးမောင်)-ဒေါ်စန်း၊ ဦးစန်းဌေးလှိုင်-ဒေါ်အေးအေးမြင့်၊ ဦးကျော်ဝင်း-ဒေါ်ခင်အေးအေးလှိုင် တို့၏ အစ်မ၊ သာကေတမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ နဝရတ်လမ်းကျယ်၊ အမှတ်(၁၃၁/ခ) နေ ဦးကိုကိုလတ်(တေဇ-၁၅)-ဒေါ်သီတာမြင့်(အင်ဂျင်နီယာမှူး၊ မော်ဘီစည်ပင်)၊ ဦးခင်မောင်ဝင်း(အလုပ်ရုံဇုန်မှူး၊ ငြိမ်း)-ဒေါ်နီလာမြင့်(အယ်ဒီတာ၊ မြို့တော်သတင်းစာ၊ မြို့တော်စည်ပင်)၊ ဦးမျိုးမင်းထွတ်(မျိုးကြီး Electronic) တို့၏ မိခင်ကြီး၊ ဦးလှမြင့်(ကာတွန်းတင်ထွတ်)၏ဇနီးဖြစ်သူ ဒေါ်ခင်မြင့်မြင့် သည် ၁၆-၁-၂၀၂၅ရက် (ကြာသပတေးနေ့) ညနေ ၃:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၂၅ရက်(စနေနေ့) နံနက် ၁၁:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအေးကျော်-ဒေါ်မိုးသီတာအောင်ချစ်တို့၏ မိခင်ကြီး ဆရာလေး ဒေါ်ခေမာဝတီ အသက် (၈၂) နှစ်သည် ၁၆-၁-၂၀၂၅ ရက် နံနက် ၁၀:၁၅ နာရီတွင် နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၌ ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကြင်ထွန်း
### အသက်(၈၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ဥယျာဉ်ကျောင်းဆရာတော် ဦးဝါသဝအား အမှူးထား၍ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နေ (ဦးဘထွန်း-ဒေါ်ထွေး)တို့၏ သား၊ ပဲခူးမြို့နေ (ဦးသိန်းဖေ-ဒေါ်စောကြည်)တို့၏ သားသမက်၊ အောင်လံမြို့နေ (ဒေါ်တင်တင်ဆွေ)၊ (ဦးကြင်အုန်း)-ဒေါ်လှထွေးတို့၏ ညီ/မောင်၊ (ဦးကြည်လွင်-ဒေါ်ဝါဝါ)၊ (ဦးဉာဏ်မြင့်-ဒေါ်အုန်းကြည်)၊ ဦးခင်မောင်ဆင့်-(ဒေါ်အေးအေး)၊ (ဦးခင်မောင်တင့်)-ဒေါ်သန်းအိ တို့၏ အစ်ကိုကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ပြည်တော်သာ(၁)လမ်း၊ အမှတ် (၁၈၉)နေ (ဒေါ်ခင်ခင်ကျော်)၏ ချစ်လှစွာသော ခင်ပွန်း၊ မစုနန္ဒာထွန်း၊ ကိုဖြိုးသက်နိုင်ထွန်း-မနီနီလှိုင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်ကြည်ထွဋ်နေ၊ မသုရွှေယံတို့၏ အဘိုးသည် ၁၅-၁-၂၀၂၅ (ဗုဒ္ဓဟူးနေ့) တွင်ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၂၅ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် မြို့မသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဌေးလွင်
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဇောတိကလမ်း၊ အမှတ်(၅၅၉)နေ (ဦးမြစိန်-ဒေါ်အေးစိန်)တို့၏ သား၊ ဒေါ်ခင်ဌေးမြင့် (ဒုလက်ထောက်ညွှန်မှူး၊ စွမ်းအင်ဝန်ကြီးဌာန-ငြိမ်း)၏ ခင်ပွန်း၊ ဦးစည်သူတင်စိုး-ဒေါ်နှင်းဝေဝေလွင်၊ ဦးဖြိုးဝေလွင်-ဒေါ်သီရိနှင်းအိမ်တို့၏ ချစ်လှစွာသောဖခင်၊ မဥတ္တရာတင်စိုး (Kings Yangon Int’l School)၏အဘိုး ဦးဌေးလွင်သည် ၁၅-၁-၂၀၂၅ (ဗုဒ္ဓဟူးနေ့)တွင် S.S.C ဆေးရုံ၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၁၇-၁-၂၀၂၅ (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### အရောင်းအဝယ်ကို ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ ၁၅-လမ်း၊ အမှတ် (၅၆) (၅-လွှာ)၊ ညာဘက်ခန်း၊ အခန်းအမှတ် (၄၀၅)၊ အကျယ်အဝန်း (၅၀ပေx ၁၂ ၃/၂ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ပိုင်ရှင်- ဦးမျိုးအောင် [၁၂/လမတ(နိုင်) ၀၂၃၀၄၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက် အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးထွန်းရှိန်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၂)**
**အမှတ် (၅၂)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၃၃၂၉၄**

## ဦးကျော်မြင့်(ကပရ) (ငြိမ်း)
### အသက်(၈၁)နှစ်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်နေ (ဦးသိန်းမောင်-ဒေါ်ကျင်မြိုင်)တို့၏ သား၊ ဒေါ်ကြည်မြင့်(ကပရ)(ငြိမ်း)၏ ခင်ပွန်း၊ ဦးသူရကျော်-ဒေါ်အေးမာကျော်၊ ဗိုလ်မှူးကြီး မြတ်မင်းသန်း-ဒေါ်နီလာကျော်(ကညန-ငြိမ်း)၊ ဦးကျော်မင်းထွန်း-ဒေါ်အေးအေးမြတ်တို့၏ ဖခင်၊ မြေး ငါးယောက်တို့၏အဘိုး ဦးကျော်မြင့်သည် ၁၆-၁-၂၀၂၅ (ကြာသပတေးနေ့) နံနက် ၅:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၈-၁-၂၀၂၅ (စနေနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကျွေ့ကြီးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်ကြည်
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ ဒဂုံတာဝါ(10-G)နေ (ဦးထွန်းတင်-ဒေါ်စိုးမြင့်)တို့၏ သား၊ ဒေါ်ယဉ်ယဉ်မေ၏ ခင်ပွန်း၊ ဦးကျော်ဇေယျ-အခိကိုစံ၊ (ကိုကျော်သူရ)၊ ဦးကျော်ဝဏ္ဏ-မသော်သော်ထွန်းတို့၏ ဖခင် ဦးအောင်ကြည် အသက်(၇၂)နှစ်သည် ၁၆-၁-၂၀၂၅ရက် ၀၀:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၂-၁-၂၀၂၅ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဦးသန်းအောင်(မြင်းခြံ) တရားလွှတ်တော်ရှေ့နေ (နိုင်ငံကြိုပဗ္ဗလစ်)၊ အသက် (၉၃)နှစ်သည် ၁၄-၁-၂၀၂၅ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်လင်း**
**သမီး-ဒေါ်နေရည်လင်း**
**တရားလွှတ်တော်ရှေ့နေများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒု-ဗိုလ်မှူးကြီး အောင်ကြည်ရှိန် (ငြိမ်း)
**OTS 45**
### အသက်(၇၅)နှစ်

သူငယ်ချင်း ကိုအောင်ကြည်ရှိန်သည် ၁၅-၁-၂၀၂၅ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**OTS 45 သူငယ်ချင်းများနှင့် မိသားစုများ**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၃)၊ အမှတ်-၁၅၈၊ ပညာတန်ဆောင် (၁)လမ်း၊ (၄၀ ပေx ၆၀ ပေ) အကျယ်အဝန်းရှိ ဒေါ်လှလှရီ [၁၂/ဥကမ (နိုင်) ၀၃၆၅၂၅] အမည်ပေါက် မြေချပါမစ်မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နှစ်ဦးသဘောတူ မြေနှင့်အိမ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် တရားဝင် လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိသော **ဒေါ်သန်းသန်းအေး (ဘ) ဦးတိုးလုံ [၁၂/လမန(နိုင်) ၁၀၆၈၆၃]**သည် ယခုအခါ မြေဂရန်ရရှိရေးအတွက် သက်ဆိုင်ရာရုံးဌာနတို့တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်ခြင်းတစ်စုံတစ်ရာမရှိပါက မြေဂရန်ရရှိရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကေရီကျော် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၁၁)**
**အမှတ်-၅၆၅၊ အခန်း- ၁၀၃၊ ပထမထပ်၊ MAC Tower ၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၁၀၄၇၃၂၁**

## ဦးချိုမောင်
### အသက် (၆၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဆရာစံလမ်း၊ အမှတ်(၁၃-A) နေ ဦးခင်မောင်-(ဒေါ်အမာမြင့်)တို့၏ သား၊ ဒေါ်သီတာစန်း၏ ခင်ပွန်း၊ ကိုရဲမင်းဦး-မအိအိခင်၊ ကိုမိုးစက်မုန်း-မအိချောပို၊ မမေသက်ခိုင်တို့၏ ဖခင်၊ မလီလီဦး၊ မJzabelle Mone တို့၏ အဘိုး ဦးချိုမောင်သည် ၁၆-၁-၂၀၂၅ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၈-၁-၂၀၂၅ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် စတင်ထွက်ပါမည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံ ဒီဂျစ်တယ်ပုံနှိပ်နှင့် ဆိုင်းဘုတ်လုပ်ငန်းရှင်များအသင်း (MDPSEA)၏ တွဲဖက်စာရင်းစစ် ဦးခင်မောင်အေး အသက် (၆၇) နှစ်သည် ၁၅-၁-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံဒီဂျစ်တယ်ပုံနှိပ်နှင့် ဆိုင်းဘုတ်လုပ်ငန်းရှင်များအသင်း (MDPSEA)**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက် (VIP-4)၊ မြေတိုင်းရပ်ကွက် ( င-၁၂)၊ ချယ်ရီ (၁)လမ်း၊ မြေကွက်အမှတ် (၃၂၅)၊ အကျယ်အဝန်း (၆၀x၆၀)ပေရှိ ဗိုလ်မှူးဝင်းမောင် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ထံမှ အရောင်းအဝယ်ဆက်စပ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ရှီအောင်မြင့်(ခ)ဒေါ်ခင်အုန်းမြင့် [၁၂/ပဘတ(နိုင်)၀၀၆၁၄၅]မှ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလင်းထင်စိုး [၉/ညဥန(နိုင်)၁၇၀၆၅၉]က စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားချက်အရ)**
**ဒေါ်ယုယုနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၅၅၈)**
**အမှတ် (၁၀၁၅/ဘီ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၄၅၀၀၆၅၂၇၃**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် (၄၅)၊ မနော်ဟရီလမ်း၊ မြေကွက်အမှတ် (၅၀၁/က)၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်ခွဲတိုက်အပါအဝင် ရေ၊ မီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးလှမြင့်ဌေး [၇/တငန(နိုင်) ၁၁၆၁၄၂]မှ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သောစာရွက်စာတမ်းမူရင်းများဖြ င့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားချက်အရ)**
**ဒေါ်ယုယုနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၅၅၈)**
**အမှတ် (၁၀၁၅/ဘီ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၄) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၄၅၀၀၆၅၂၇၃**

### ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၇)ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၄၅)၊ မြေတိုင်း(၇)၊ လူနေရပ်ကွက်(ဝေဘာဂီ)၊ ဦးကိုကိုအောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၏ ခေါင်းရင်းခြမ်း (၁၅x၅၀)ပေရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေပေါ်ရှိ နေအိမ်အရောင်းအဝယ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်နေအိမ်အပါအဝင် တွယ်ဆက်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင်ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိ၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဦးလျှမ်းထက်ဦး [၁၂/ဒဂမ(နိုင်) ၀၅၅၁၆၆]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးသင်းက စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးယဉ်ထွန်း(LL.B, LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၅၁)**
**ရုံးခန်း- အမှတ်(၁၀/၉၇)၊ နွယ်သာကီပန်းခြံရှေ့၊ ခေမာသီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉-၄၂၁၁၀၂၅၆၄**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၂/ယမုံနာ- ၁၊ မြေကွက်အမှတ်- ခ/၁၆၃၊ ဧရိယာ (၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်- ၃၈၂၊ ၁၅ လမ်း(အလယ်)၊ ယမုံနာ- ၁ ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်အုံးကြည်[၁၂/ဒပန(နိုင်)၀၁၉၃၆၂] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား ဒေါ်အုံးကြည်အပေါ် တရားပြိုင်ထားကာ ဦးတင်ဌေးမှ တရားလိုပြုလုပ်၍ ဗိုလ်တထောင်ခရိုင်တရားရုံး၌ ၂၀၂၃ ခုနှစ်၊ တရားမကြီးအမှုအမှတ်- ၄၀ ဖြင့် ပဋိညာဉ်အတိုင်း မြေနှင့်အိမ် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၂၉-၉-၂၀၂၃)ရက်စွဲပါ စီရင်ချက်ဒီကရီအမိန့်နှင့် တာဝန်ခံမိတ္တူမှန်၊ ဗိုလ်တထောင်ခရိုင်တရားရုံး၊ ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၉၆/၂၀၂၃ ၏ (၁၉-၁၂-၂၀၂၃)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း တာဝန်ခံမိတ္တူမှန်၊ ဗိုလ်တထောင်ခရိုင်တရားရုံး၏ ၂၃-၁-၂၀၂၄ ရက်စွဲပါစာအမှတ်- ၁၄၈/၅-၂/၂၀၂၄ ဖြင့် ဘီလစ်ခန့်စာတို့အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်အင်ကြင်းဆွေ [၁၂/ဗဟန(နိုင်)၁၀၁၀၂၁]မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ မြေခွန်ပြေစာတို့တင်ပြ၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မြန်မာစကားပုံတွင် ရေအသက်တစ်မနက်၊ ထမင်းအသက် ခုနစ်ရက် ဟူ၍ ရှိ...
❖ အလားတူ စာပေအသိပညာမရှိပါက တစ်သက်လုံး အခက်အခဲအကျပ်အတည်းများနှင့် ကြုံတွေ့ရနိုင်...
❖ ထို့ကြောင့်ပညာအသက်သည် ဘဝတစ်သက်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် တပ်မတော်နည်းပညာတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သင်္ချေအရာရှိများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

# မန်းရွှေစက်တော်ဘုရားပွဲတော်ကာလ ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်း ဖွင့်လှစ်မည်

မင်းဘူး ဇန်နဝါရီ ၁၆

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ဘုရားကြီးအနီးရှိ ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းကို မန်းရွှေစက်တော်ဘုရားပွဲတော်နှင့်အတူ တစ်ဆက်တည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✪



ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းမှ ဆင်လိမ္မာများ စွမ်းရည်ပြသ ဧည့်ခံဖျော်ဖြေစဉ်။

**ယနေ့ ဖတ်စရာ**



**အင်ဒိုနီးရှားနိုင်ငံ၌ ဆိုရှယ်မီဒီယာ အသုံးပြုသည့် အသက်အရွယ် ကန့်သတ်ရန် စီစဉ်လျက်ရှိ**

စာမျက်နှာ » ၁၃

**ဒီးမော့ဆိုမြို့ အရှေ့ခြမ်းကို လေကြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြည်သူ သုံးဦး သေဆုံးပြီး လေးဦး ဒဏ်ရာရရှိကြောင်း သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေ**

စာမျက်နှာ » ၁၄

**လူငယ်များသိသင့်သော ပညာရေး အယူအဆများ**

လူငယ်ရေးရာကဏ္ဍ စာမျက်နှာ » ၁၈

## MNL ပွဲစဉ်(၁၆)တွင် ရန်ကုန်ယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်၊ ဒဂုံစတားအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ထိပ်တိုက်တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၆

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၆)ကို ဇန်နဝါရီ ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဇယားထိပ်ဆုံးလေးသင်းဖြစ်သည့် ရန်ကုန်ယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်၊ ဒဂုံစတားယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

**ပြိုင်ဆိုင်မှုပြင်းထန်ဖွယ်ရှိ**

ယခုတစ်ပတ် ထိပ်ဆုံးလေးသင်း တွေ့ဆုံမည့်ပွဲမှာ ချန်ပီယံဆုအပါအဝင် ဒုတိယ၊ တတိယနေရာအတွက် အတိုင်းအတာတစ်ခုထိ အရေးပါသည့်ပွဲများဖြစ်ပြီး ထိပ်ဆုံးမှ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် တတိယနေရာမှ ရန်ကုန်ယူနိုက်တက်အသင်းနှင့် စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ❖

## မြောက်လန်ဒန်ဒါဘီပွဲစဉ်၌ အာဆင်နယ်အသင်းက စပါးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ

ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက အာဆင်နယ်အသင်းနဲ့ စပါးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ မြောက်လန်ဒန်ဒါဘီ ပွဲစဉ်မှာ အာဆင်နယ်အသင်းက စပါးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ စပါးအသင်းက ပထမပိုင်း ပွဲကစားချိန် ၂၅ မိနစ်မှာ တိုက်စစ်မှူး ဆွန်ဟောင်မင်းရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပေမယ့် အာဆင်နယ်အသင်းက ပွဲကစားချိန် မိနစ် ၄၀ မှာ ဆိုလန်ကီရဲ့ ကိုယ့်ဂိုးကိုယ်သွင်းမိသလိုဖြစ်ခဲ့တဲ့ သွင်းဂိုး၊ ၄၄ မိနစ်မှာ ထရော့ဆက်ဒ်ရဲ့ သွင်းဂိုးတို့ ရရှိခဲ့လို့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ◯




အာဆင်နယ်အသင်းနှင့် စပါးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။